**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ် (၀၁၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

## စစ်တွေမှ ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းတင်ပို့မှု လေးနှစ်အတွင်း စံချိန်တင်မြင့်တက်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်၍ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများလွယ်ကူလျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ နှစ်စဉ်မြင့်တက်လျက်ရှိသည်။ ထို့ပြင် အဆိုပါ ကုန်သွယ်ရေးစခန်းနှစ်ခုမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်သွယ်မှုပြုလုပ်ရာတွင်လည်း ပို့ကုန်တင်ပို့မှုသည် *စာမျက်နှာ ၉ ကော်လံ ၁* ✪



**ယနေ့ ဖတ်စရာ**

ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက် — ဆောင်းပါး — စာ - ၆

တရုတ်နိုင်ငံ၌ လျှပ်စစ်ကား ဝယ်လိုအားမြင့်မားမှုကြောင့် ကားသစ်ရောင်းချရမှု များပြားလာ — နိုင်ငံတကာသတင်း — စာ - ၁၃

ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေးစီမံဆောင်ရွက်လျက်ရှိ — စီးပွားရေးသတင်းများ — စာ - ၁၈

# ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်

၂၁ ရာစု ဦးပိုင်းမှ စတင်ကာ ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုများ သိသိသာသာ များပြားလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုမှ ထွက်ပေါ်လာသည့် အကျိုးဆက်များမှာလည်း ကောင်းကျိုးထက် ဆိုးကျိုးကသာ အများစုဖြစ်ပြီး ကမ္ဘာ့နိုင်ငံ အတော်များများ ခံစားနေကြရခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း စသော သဘာဝဘေးအန္တရာယ်များမှာ ဖြစ်ပေါ်သည့်အကြိမ်ရေ ပိုမိုများပြားလာသလို ပိုမို၍လည်း ပြင်းထန်လာသည်။ သဘာဝဘေးအန္တရာယ်များကျရောက်မှုကို တားဆီး၍ မရနိုင်သော်လည်း အဆိုပါ ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ၊ ဘေးဒုက္ခများ လျော့ပါးသက်သာအောင်၊ နည်းနိုင်သမျှနည်းအောင် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ထိခိုက်နိုင်ဖွယ်အခြေအနေတို့ကို လျှော့ချနိုင်ရေး၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင်အထိရောက်ဆုံးနှင့် အလျင်မြန်ဆုံး ကူညီကယ်ဆယ်နိုင်ရေး၊ ဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများကို အမြန်ဆုံးပြန်လည်ထူထောင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးတွင် ကြိုတင်ပြင်ဆင်မှုအပိုင်းက အဓိကကျပြီး ပြည်သူလူထုအား အသိပညာပေးခြင်း၊ နယ်မြေဒေသအလိုက် ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရေးစီမံချက်များ ရေးဆွဲခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ထူထောင်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးတို့အတွက် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များကို မှန်ကန်ထိရောက်စွာ အသုံးပြု၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံတကာစစ်တမ်းတစ်ခုအရလည်း သဘာဝဘေးအန္တရာယ် အများဆုံးကြုံတွေ့ခဲ့ရသည့် နိုင်ငံများတွင် အဆင့်(၂)နေရာ၌ ရှိနေသည်။ မုတ်သုံရာသီဥတုနှင့် နိုင်ငံအတွင်းရှိ မြစ်ချောင်းများကြောင့် နှစ်စဉ်ရေကြီးရေလျှံမှု၊ တောင်ပြိုမြေပြိုမှု၊ ရုတ်တရက် ရေကြီးမှုနှင့် မုန်တိုင်းအန္တရာယ်များ၊ မြေလွှာပြတ်ရွေ့များကြောင့် ဖြစ်ပေါ်နိုင်သည့် မြေငလျင်အန္တရာယ်များ စသည်တို့အတွက် ကြိုတင်ပြင်ဆင်မှုတို့ လိုအပ်ပြီး ကြိုတင်သတိပေးချက်များကို အလေးထားရန်နှင့် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတတို့ သိရှိနားလည်ထားရန်တို့လည်း လိုအပ်သည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့အတွက် ကြိုတင်သတိပေးချက်များ၊ ခန့်မှန်းချက်များ၊ သတင်းထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ သတိပေးချက်၊ ခန့်မှန်းချက်များကို အလိုအလျောက် ဖြေကြားသည့်စနစ်၊ သတင်းတိုနှင့် ပေးပို့သည့်စနစ်တို့ကို ထူထောင်ထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနကို နေပြည်တော်တွင် ထူထောင်ထားပြီး ၂၄ နာရီအချိန်ပြည့် ဆောင်ရွက်လျက်ရှိရာ ကြိုတင်သတိပေးချက်များကို အလေးဂရုပြုနိုင်ရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချရာတွင် ကြိုတင်သတိပေးစနစ်နှင့် ကြိုတင်ပြင်ဆင်မှုများက အထူးပင်အရေးပါလှသည့်အလျောက် ကြိုတင်သတိပေးချက်များကို အလေးအနက်ဂရုပြုကာ ဘေးအန္တရာယ်မှ ကြိုတင်ပြင်ဆင်ရှောင်ရှားကြခြင်းအားဖြင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာမည်ဖြစ်ပါကြောင်း။ ။



# (၂၈)ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေး တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ




ရန်ကုန် အောက်တိုဘာ ၁၂

(၂၈) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး (28th Meeting of the ASEAN Socio-Cultural Community (ASCC) Council) သို့ တက်ရောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ ခရီးစဉ်တွင် ပြည်ထောင်စု ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ လိုက်ပါသွားကြသည်။

ယင်း အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(ဃ) ပွဲစဉ်(၇)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈)ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ် တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(ဃ) ပွဲစဉ် (၇) ကို အောက်တိုဘာ ၁၄ ရက် (သောကြာနေ့) ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကရင်ပြည်နယ်မှ စောရဲရဲ၊ ကချင်ပြည်နယ်မှ လလဆွတ်၊ မွန်ပြည်နယ်မှ ယွန်းလေး၊ မန္တလေးတိုင်းဒေသကြီးမှ ညွန့်ညွန့်ဇော်၊ ပဲခူးတိုင်းဒေသကြီးမှ မြမြသက်၊ ဧရာဝတီတိုင်းဒေသကြီးမှ မေသဲစု၊ မကွေးတိုင်းဒေသကြီးမှ အောင်ခိုင်စိုး၊ ရှမ်းပြည်နယ်မှ အင်ကြင်းမေနှင့် နေပြည်တော်မှ ပူတူး စုစုပေါင်း ပြိုင်ပွဲဝင် ကိုးဦးတို့၏ ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီသတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## နေ့သင်တန်းများအားလုံး ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ




ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက စဉ်ဆက်မပြတ် လှူဒါန်းကြရာ ဆရာကြီး ဦးတင်မောင်ထွေး (နတ်ရေကန်တင်မောင်ထွေး) မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ် တစ်သိန်း၊ ဦးလှတိုး (တိုးထက်) မိသားစုနှင့် ဦးမြကျော်(မောင်မြကျော်) တောင်ဥက္ကလာပမြို့နယ်တို့က ငွေကျပ် ငါးသောင်းစီ၊ စာရေးဆရာ ပန်းမျိုးခင် (တောင်ဥက္ကလာပမြို့နယ်)က ငွေကျပ် နှစ်သောင်း၊ ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)က ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■ *ရွှေဖုံးမှ*

အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် စစ်လက်ရုံးရွေးချယ်မှုကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။

# ၂၃၀ ကေဗွီ ကျောက်ဖြူပြင်မဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ် ဓာတ်အားပေးစက်များ အပြစ်ဖြစ်မှုလျော့နည်းပြီး သတ်မှတ်ချက်အတိုင်း မောင်းနှင်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များပုံမှန်ပြုပြင်ထိန်းသိမ်း

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၃၀ ကေဗွီ ကျောက်ဖြူပြင်မဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီး ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပြီဖြစ်သဖြင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်အတွက် အနာဂတ်တွင် လိုအပ်လာမည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်နိုင်ရေးအတွက် ကြိုတင်မျှော်မှန်းကာ စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီး သက်လွင်နှင့်အတူ ယမန်နေ့ညနေပိုင်းက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ၂၃၀ ကေဗွီ ကျောက်ဖြူ ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးထားမှုကို ကြည့်ရှုစစ်ဆေးစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည့် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၁)ရုံဖြစ်၍ ပြည်သူများအတွက် တည်ငြိမ်ပြီး အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန် **လိုအပ်ကြောင်း၊ ယနေ့ စတင်စမ်းသပ်လည်ပတ်သည့် ကျောက်ဖြူ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့်** စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများနှင့် ချိတ်ဆက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊ Power System Stability Improvement Devices များ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊ ဓာတ်အား ပြတ်တောက်မှု Line Fault နှင့် Line Losses လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားခွဲရုံ သုံးပစ္စည်းများကို အမြဲမပြတ် စစ်ဆေးကြည့်ရှုသွားရန်နှင့် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်တို့ကိုမှာကြားခဲ့ပြီး ဓာတ်အား ထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအတွက် လက်ဆောင် သစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် CNTIC VPower KY3 Ltd. ၏ ၁၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စက်ရုံနှင့် စက်များ၏ Efficiency ကောင်းမွန်ရေး အလေးပေးဆောင်ရွက်ရန်၊ ဓာတ်အားပေးစက်များ အပြစ်ဖြစ်မှုလျော့နည်းပြီး သတ်မှတ်ချက်အတိုင်း မောင်းနှင်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် စက်များပုံမှန်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ဓာတ်အားပေး စက်ကြီးများမှ ဓာတ်အားမောင်းနှင် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**ခရမ်း အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၂၂ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီမှစ၍ ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စတင်၍ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ခရမ်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရန် ဧက ၁၀၀၀၀ ကျော်ရှိရာ တစ်ဧကလျှင် ဆောင်းသီးနှံချေးငွေ ကျပ်တစ်သိန်းနှုန်းဖြင့် ကျပ်သန်းပေါင်း ၂၀၀၀ ကျော် ထုတ်ချေးပေးရန် လျာထားကြောင်းနှင့် ယခင်နှစ် ဆောင်းစိုက်ပျိုးစရိတ်ချေးငွေ အကျေဆပ်ပြီးသည့် တောင်သူများအား ဦးစားပေးအစဉ်အတိုင်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ချေးငွေများကို ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

ခရမ်းမြို့နယ်၌ ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ဆောင်းသီးနှံစိုက်ဧက ၁၀၀၀၀ ကျော်မှ လယ်သမားဦးရေ ၃၃၀၀၀ တို့ကို ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ယမန်နှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ အကျေဆပ်ပြီးသည့် တောင်သူများကို နေ့စဉ်ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

- **သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည့် ကုမ္ပဏီများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ ဆောင်ရွက်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရေးအတွက် စီမံခန့်ခွဲမှုကော်မတီမှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်**
- **ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းသည် တရုတ်နိုင်ငံ၏(Belt & Road)စီမံကိန်းနှင့် များစွာဆက်စပ်မှုရှိနေသည့်အတွက် နှစ်နိုင်ငံအကျိုးပြုမှုများရရှိပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများကို ကျွမ်းကျင်သင်တန်းများ ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်သည့်အချိန်တွင် စက်ရုံများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်တန်းများဖြစ်ရန် လိုကြောင်း**
- **ထားဝယ် အထူးစီးပွားရေးဇုန်ကို ယခင်က ရင်းနှီးတည်ဆောက်သူအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည့် အီတာလျံ-ထိုင်း ကုမ္ပဏီကို Termination ပြုလုပ်ထားပြီးဖြစ်သည့်အတွက် ရင်းနှီးတည်ဆောက်သူ အသစ်ထပ်မံ ဖိတ်ခေါ်နိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်**

❑ *ကျောဖုံးမှ*

သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အထူးစီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာအောင် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက်ကို အထောက်အကူပြုစေခြင်းနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လုပ်လာနိုင်ခြင်း စသည့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းလာစေရန်အတွက် ရည်ရွယ်ပြီး ထူထောင်ကြပါကြောင်း။

၂၀၁၉ ခုနှစ်စာရင်းများအရ နိုင်ငံ ၁၄၇ နိုင်ငံတွင် အထူးစီးပွားရေးဇုန် ၅၄၀၀ ခန့်ရှိပြီး ဇုန်အသစ် ၅၀၀ ကျော်ကိုလည်း တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြကြောင်း၊ အထူးစီးပွားရေးဇုန်များသည် စက်မှုဆိုင်ရာမူဝါဒများ၏ ဖြစ်ပေါ်တိုးတက်မှုအသစ်များဖြစ်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ကြောင်း။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လွယ်ကူချောမွေ့စေရန် ပံ့ပိုးပေးမှုကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများကို ပိုမိုခေတ်မီပြီး တီထွင်ဆန်းသစ်သော စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်လာကြကြောင်း၊ ထို့နောက် လုပ်ငန်းများကို ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုများပါဝင်သည့် Integrated Zones အဖြစ် ပြောင်းလဲဖန်တီးလာကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါအခြေအနေသည် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၁၁ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အဆိုပါနည်းဥပဒေအရ ဗဟိုအဖွဲ့၏အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရမည်ဖြစ်သဖြင့် ၂၀၂၂ ခုနှစ်အတွက် ပထမအကြိမ်အစည်းအဝေးကို ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

ဥပဒေ၏ ပုဒ်မ ၆ တွင် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားပြီး အဓိကအနေဖြင့် "အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် စီမံကိန်းနှင့်အစီအစဉ်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်မူဘောင်များသတ်မှတ်ခြင်း၊" "စီမံခန့်ခွဲမှုကော်မတီများ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း" တို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာဇုန်များ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း။

**အထူးစီးပွားရေးဇုန် (၃) ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန် (၃) ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ သီလဝါအထူးစီးပွားရေးဇုန်ကို ဂျပန်နိုင်ငံနှင့်လည်းကောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို တရုတ်နိုင်ငံနှင့်လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံနှင့်လည်းကောင်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့်အခါ မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာအဓိကထားရမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း အလေးထားကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန် (၃)ခုရှိသည့်အနက် သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဇုန်တစ်ခုဖြစ်သည့်အတွက် စံပြဇုန်အဖြစ် ရပ်တည်နေသည့်ဇုန်လည်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စနစ်တကျဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရန်၊ လုပ်ငန်းကုမ္ပဏီအသစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန်နှင့် လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရန် သက်ဆိုင်သည့်ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် စီးပွားရေးဦးတည်ချက် (၃) ရပ်အနက် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးသည် အရေးကြီးသည့် ဦးတည်ချက်တစ်ခုဖြစ်ကြောင်း။

**ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန်လိုအပ်**

ထိုရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျ လုပ်ကိုင်နိုင်ရန်နှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရန် ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာ ဦးဆောင်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာစေရန် ပို့ကုန်တိုးမြှင့်နိုင်စေရေး စီးပွားရေးဇုန်များတွင်ရှိသည့် One Stop Service Center များကို စနစ်တကျဖွဲ့စည်းပြီး ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်ရန်လိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည့် ကုမ္ပဏီများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ဆောင်ရွက်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရေးအတွက် စီမံခန့်ခွဲမှုကော်မတီမှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားစေလိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၏ မူဘောင်သဘောတူညီချက်ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် Shareholder Agreement နှင့်နိုဝင်ဘာတွင် Concession Agreement ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များနှင့်ပတ်သက်၍ နိုင်ငံရေးအကဲဆတ်မှုကို သတိပြုကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ညှိနှိုင်းမှုများဖြင့် Win Win Situation ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စက်ရုံများ၏လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်တန်းများဖြစ်ရန်လို**

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးပါသကဲ့သို့ ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည်ဖြစ်၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကိုပါ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းသည် တရုတ်နိုင်ငံ၏ (Belt & Road) စီမံကိန်းနှင့် များစွာဆက်စပ်မှုရှိနေသည့်အတွက် နှစ်နိုင်ငံအကျိုးပြုမှုများရရှိပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများကို ကျွမ်းကျင်သင်တန်းများပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်သည့် အချိန်တွင် စက်ရုံများ၏လိုအပ်ချက်နှင့် ကိုက်ညီသည့် သင်တန်းများဖြစ်ရန်လိုကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ခဲ့သော်လည်း သိသာထင်ရှားသည့် တိုးတက်မှုများမရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခင်က ရင်းနှီးတည်ဆောက်သူအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည့် အီတာလျံ-ထိုင်း ကုမ္ပဏီကို Termination ပြုလုပ်ထားပြီးဖြစ်သည့်အတွက် ရင်းနှီးတည်ဆောက်သူ အသစ်ထပ်မံ ဖိတ်ခေါ်နိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်စေရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး က မြန်မာအထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာပွင့်ဆန်းနှင့် ဦးရွှေလေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးမြတ်ကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီးတို့က အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင် က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်မှုကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၁၂

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။** (ယာပုံ)

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်၊ ဗဟိုကော်မတီဝင် နိုင်အမ်စိုက်ချမ်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့် လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား၂)အား ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် (၁၄၈) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကျင်းပ

# ဒစ်ဂျစ်တယ်နည်းပညာနှင့် အိုင်စီတီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများက ကမ္ဘာတစ်ဝန်းရှိ စာပို့တိုက်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

“ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union–UPU) ၏ (၁၄၈) နှစ်ပြည့်အခမ်းအနားဖြစ်ပါကြောင်း ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တွင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိပြီး ကမ္ဘာတစ်ဝန်းတွင် စာပို့တိုက်စခန်းပေါင်း ၆၀၀၀၀၀ ကျော်ကို ချိတ်ဆက်ပေးထားသည့် တစ်ခုတည်းသော ကမ္ဘာ့စာပို့တိုက် ကွန်ရက်အဖြစ် ရပ်တည်လျက်ရှိနေပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် အိုင်စီတီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများက ကမ္ဘာတစ်ဝန်းရှိ စာပို့တိုက်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း က ပြောကြားသည်။

၂၀၂၂ ခုနှစ် (၁၄၈) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

**အထူးထုတ်တံဆိပ်ခေါင်းများ ထုတ်ဝေ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အိုင်စီတီနှင့် ဒစ်ဂျစ်တယ်နည်းပညာများ၏ အကူအညီနှင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း (Traditional Post) မှ ခေတ်မီစာပို့တိုက် ဝန်ဆောင်မှု (Postal Modernization) ကို ပြောင်းလဲနိုင်ခဲ့ပြီး ထပ်ဆောင်းဝန်ဆောင်မှု (Value Added Services) ကို ဆောင်ရွက်ပေးနိုင်သည့်အတွက် စာပို့တိုက်လုပ်ငန်းများတွင် ဝင်ငွေများ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ စက်မှုနည်းပညာ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ သဘာဝဂေဟစနစ် ပျက်စီးလာမှုကို ကြုံတွေ့လာ၍ ယူပီယူမှ ယခုနှစ်တွင် ကမ္ဘာ့စာပို့တိုက်နေ့ ဆောင်ပုဒ်ကို Post for Planet **“ကမ္ဘာမြေအတွက် စာပို့တိုက်”** ဟု ရွေးချယ်ထားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အသိပေးဆောင်ရွက်နေသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စာတိုက်လုပ်ငန်းမှလည်း ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မွန်ပြည်နယ်များတွင် စာတိုက်များမှ စာပို့/ စာဝေချောလမ်းကြောင်းများကို E-Bikes များ သုံးစွဲ၍ ကာဗွန်ထုတ်လုပ်မှု လျှော့နည်းရေးနှင့် လောင်စာဆီအသုံးပြုမှု လျှော့ချနိုင်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းအား ခေတ်မီစာပို့တိုက် ဝန်ဆောင်မှုဖြင့် ပြုပြင်ပြောင်းလဲလာပြီး နိုင်ငံ၏ နေ့ထူး/နေ့မြတ်များနှင့် အထိမ်းအမှတ်များအတွက် အထူးထုတ်တံဆိပ်ခေါင်းများ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားတွင် (၅၁) ကြိမ်မြောက် အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ၌ ပထမဆုရရှိသော နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်မှ မောင်မိုးထက်အောင်၊ **(ဝဲပုံ)** ဒုတိယဆုရရှိသော နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့မှ မသက်မှူးခင်၊ တတိယဆုရရှိသော မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မခင်ခင်ဦးသာနှင့် အထူးဆုရရှိသူ နှစ်ဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၅၁) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများကိုယ်စား ပထမဆုရှင် မောင်မိုးထက်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ပြခန်း၊ ပြကွက်များ ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တာဝန်ရှိသူများ၊ ဆုရကျောင်းသား/ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ထို့နောက် (၁၄၈) နှစ်မြောက်ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် ပြခန်းတွင် မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်း၊ ပြကွက်များကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

(၁၄၈) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကို ကမ္ဘာအနှံ့ရှိ ကမ္ဘာ့စာပို့တိုက် သမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် အသီးသီး ကျင်းပခဲ့ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကို ၁၉၈၆ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**



၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်

မောင်လူမွန်(သုတေသန)




**ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာတစ်ဝန်း သဘာဝဘေးများ ပိုမိုကြုံတွေ့လာနိုင်ကြောင်း သတိပြုကြရမည်ဖြစ်ပါသည်။ အလားတူ IPCC မှ ၆၇ နိုင်ငံရှိ ပညာရှင် ၂၇၀ က လေ့လာမှု ၃၄၀၀၀ ဆောင်ရွက်ခဲ့သည့် စစ်တမ်း ဆဋ္ဌမအကြိမ် အစီရင်ခံစာကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်ခဲ့ရာ ရာသီဥတုပြောင်းလဲမှုဆိုးကျိုးက မျှော်မှန်းသည်ထက် ပိုမိုကျယ်ပြန့်ပြီး ပိုမို ဆိုးရွားပြင်းထန်ကြောင်း၊ အလွန်နီးကပ်သည့်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးနှင့် ပိတ်မိနေမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုဆိုးကျိုးကြောင့် ထိခိုက်ခံစားရမည်ဖြစ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်ရေး (Climate Change Adaptation) သည် များစွာအရေးကြီးကြောင်း ဖော်ပြထားပါသည်**

ယနေ့ အောက်တိုဘာ ၁၃ ရက်သည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ ဖြစ်ပါသည်။ အဆိုပါနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်မှ စတင်၍ ဆန်ဒိုင်းမူဘောင် (၂၀၁၅–၂၀၃၀) (Sendai Framework for Disaster Risk Reduction–SFDRR 2015–2030) ပန်းတိုင် ခုနစ်ရပ်ပါ ဦးတည်ကဏ္ဍများနှင့် လုပ်ငန်းနယ်ပယ်များအလိုက် သတ်မှတ်ထားသည့် ဆောင်ပုဒ်များအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ပြည့်နှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ စတင်ကျင်းပစဉ်ကမူ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့ (International Day for Disaster Reduction–IDDR)အဖြစ် ကျင်းပခဲ့သော်လည်း နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction–IDDRR) ဟု ပြောင်းလဲသတ်မှတ်ကျင်းပခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်က ဆန်ဒိုင်းမူဘောင် (Sendai Framework for Disaster Risk Reduction–SFDRR) (Target–F)ကို ဦးတည်ကာ "Only together.. Can we save the planet!" "ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့ တွဲလက်ခိုင်မာ ပူးပေါင်းစို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့ပါသည်။

### ကြိုတင်သတိပေးထုတ်ပြန်က ချက်ချင်းလိုက်နာ ဆောင်ရွက်ကြ

ယခု ၂၀၂၂ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ပန်းတိုင်(၇) SFDRR (Target–G) ဖြစ်သည့် ကြိုတင်သတိပေး Early Warning စနစ် ခိုင်မာအားကောင်းရေးနှင့် ကြိုတင်ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် "Early Warning and Early Action for ်all" ကို ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားပါသည်။ မြန်မာဘာသာဖြင့်လည်း "ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်" ဟူ၍ ပြန်ဆိုထားပါသည်။ ဤဆောင်ပုဒ်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်ရန် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည့် ကြိုတင်သတိပေးစနစ်၏ အရေးပါ အရာရောက်မှုကို လူတိုင်း သိရှိလိုက်နာ ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ဘေးအန္တရာယ်မျိုးစုံအတွက် ကြိုတင်သတိပေးချက်များ၊ သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်များကို လူတိုင်း လက်လှမ်းမီ ရရှိစေပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျ ဆောင်ရွက်လာနိုင်စေရန် ဦးတည်ခြင်းလည်း ဖြစ်ပါသည်။

### သတိပြုကာကွယ် သဘာဝဘေးအန္တရာယ်

UN Intergovernmental Panel on Climate Change (IPCC) ၏ ၂၀၁၃ ခုနှစ်ကတည်းက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်း ပျမ်းမျှ အပူချိန်သည် ၄ ဒီဂရီစင်တီဂရိတ် (၇ ဒီဂရီဖာရင်ဟိုက်)အထိ ပိုမိုမြင့်မားနိုင်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်သည် ခရစ်နှစ် ၂၁၀၀ တွင် ၂၈ စင်တီမီတာမှ ၉၇ စင်တီမီတာအထိ မြင့်တက်နိုင်ဖွယ်ရှိကြောင်း၊ မုန်တိုင်းဒီရေလှိုင်းကြီးများ အများအပြား ဖြစ်ပေါ်နိုင်ကြောင်း၊ မိုးခေါင်ရေရှားဒေသများတွင် ပိုမိုခြောက်သွေ့လာနိုင်ပြီး မိုးရွာသွန်းသည့်ဒေသများတွင် မိုးရွာသွန်းမှု ပိုမိုများပြားနိုင်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုပမာဏ ပိုမိုများပြားလာပြီး ပင်လယ်သမုဒ္ဒရာတွင် အက်စစ်ဖြစ်ထွန်းမှု ပိုမိုလာနိုင်ကြောင်း ထုတ်ပြန်ထားပါသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာတစ်ဝန်း သဘာဝဘေးများ ပိုမိုကြုံတွေ့လာနိုင်ကြောင်း သတိပြုကြရမည်ဖြစ်ပါသည်။ အလားတူ IPCC မှ ၆၇ နိုင်ငံရှိ ပညာရှင် ၂၇၀ က လေ့လာမှု ၃၄၀၀၀ ဆောင်ရွက်ခဲ့သည့် စစ်တမ်း ဆဋ္ဌမအကြိမ် အစီရင်ခံစာကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်ခဲ့ရာ ရာသီဥတုပြောင်းလဲမှုဆိုးကျိုးက မျှော်မှန်းသည်ထက် ပိုမိုကျယ်ပြန့်ပြီး ပိုမို ဆိုးရွားပြင်းထန်ကြောင်း၊ အလွန်နီးကပ်သည့်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးနှင့် ပိတ်မိနေမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုဆိုးကျိုးကြောင့် ထိခိုက်ခံစားရမည်ဖြစ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်ရေး (Climate Change Adaptation) သည် များစွာအရေးကြီးကြောင်း ဖော်ပြထားပါသည်။

Global Climate Risk Index 2021 ၏ မှတ်တမ်းများအရ ၂၀၁၉ ခုနှစ်တွင် မိုဇမ်းဘစ်၊ ဇင်ဘာဘွေနှင့် ဘဟားမားစ်နိုင်ငံတို့သည် ရာသီဥတုပြင်းထန်မှု ဆိုးကျိုးကို အများဆုံးခံစားခဲ့ကြရပြီး ခရစ်နှစ် ၂၀၀၀ မှ ၂၀၁၉ ခုနှစ်အတွင်း ပွာတိုရီကို၊ မြန်မာနှင့် ဟေတီနိုင်ငံတို့သည် ရာသီဥတုပြင်းထန်မှုဆိုးကျိုးကို အများဆုံးခံစားခဲ့ကြရသောနိုင်ငံများ ဖြစ်ကြသည်။ အဆိုပါ အနှစ် ၂၀ အတွင်း ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုအကြိမ် ၁၁၀၀၀ အထိ ဖြစ်ပွားခဲ့ကာ လူပေါင်း ၄၇၅၀၀ အထိ အသက်ဆုံးရှုံးခဲ့ကြရသည်။ ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆ ထရီလီယံအထိ ရှိခဲ့သည်။ သိပ္ပံပညာရှင်များကမူ ကမ္ဘာ့အပူချိန် မြင့်မားမှုကြောင့် ကြောက်မက်ဖွယ်ရာကောင်းသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုဖြစ်ပွားလာနိုင်၍ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း တိုက်တွန်းပြောကြားထားသည်။

The World Risk Index 2022 ၏ ခန့်မှန်းချက်များအရ ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၉၃ နိုင်ငံအနက် ဖိလစ်ပိုင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုလံဘီယာနှင့် မက္ကဆီကိုနိုင်ငံတို့သည် ထိခိုက်ဆုံးရှုံးနိုင်ခြေ Risk Index အမြင့်မားဆုံးတွင် ရပ်တည်နေကြောင်း သိရပါသည်။ မြန်မာနိုင်ငံ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေ အညွှန်းကိန်းမှာ ၃၅ ဒသမ ၄၉ ဖြစ်၍ အဆင့်(၆) ဖြစ်ပါသည်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ကမ္ဘာတစ်ဝန်း ကြီးမားပြင်းထန်သည့် သဘာဝဘေးများ ဖြစ်ပွားခဲ့ရာ ၂၀၁၉–၂၀၂၀ ဩစတြေးလျတောမီး၊ ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ် –၁၉ ကပ်ရောဂါ၊ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် အင်ဒိုနီးရှား လျှပ်တစ်ပြက် ရေကြီးရေလျှံမှု၊ ဖိလစ်ပိုင်မီးတောင်ပေါက်ကွဲမှု၊ တရုတ်၊ အိန္ဒိယ၊အီရန်၊ ဖိလစ်ပိုင်၊ ရုရှား၊ တူကီယဲသမ္မတနိုင်ငံနှင့် ကာရစ်ဘီယံကျွန်းနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်၊ ဘင်္ဂလားဒေ့ရှ် အန်ဖန်ဆိုင်ကလုန်းမုန်တိုင်းဘေး၊ အာသံ ရေကြီးရေလျှံဘေး၊ အန္တာတိက ဆီးနှင်းကျရောက်မှုများသည် မှတ်တမ်းဝင် သဘာဝဘေးများ ဖြစ်ပါသည်။ ယခုနှစ်အတွင်း အာဖရိကနှင့် အာရှနိုင်ငံအချို့၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှု ဘေးများသည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွယ်လျက်ရှိပါသည်။ ယခုကဲ့သို့ဖြစ်ပွားသည့်အခါ ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သဘာဝဘေး ကြိုတင်သတိပေးချက်များသည် အဓိကကျသည့်ကဏ္ဍမှ ပါဝင်နေပါသည်။

သဘာဝဘေးကို မည်သူမျှ တားဆီး၍မရပါ။ သို့ရာတွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုမူ လျှော့ချနိုင်ပါသည်။ အဆိုပါလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း(Preparedness)၊ ကြိုတင်ဆောင်ရွက်ခြင်း (Proactive)နှင့် အဆင်သင့်ဖြစ်နေစေခြင်း(Readi–ness)တို့ ဖြစ်ပါသည်။ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက်(Early Warning)များကို ဘေးကျရောက်မည့်ဒေသရှိ ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ ရရှိပါက ဘေးကင်းစိတ်ချရသည့် နေရာကို အချိန်မီပြောင်းရွှေ့ခြင်းဖြင့် အချိန်မီ ကြိုတင်ပြင်ဆင်(Early Action) ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံတကာက ကျင့်သုံးလျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှုစနစ်များတွင် (Prospective Risk Management)ခေါ် အနာဂတ်တွင် ဖြစ်လာနိုင်သည့်ဘေးကို မျှော်တွေးတွက်ဆကာ ကြိုတင်ပြင်ဆင်လုပ်ဆောင်သည့် နည်းစနစ်များနှင့်အညီ ဆောင်ရွက်လျက်ရှိသဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို ပိုမိုလျှော့ချနိုင်မည်ဖြစ်ပါသည်။

### ကြိုတင်သတိပေးစနစ်ထိရောက်မှ ဆုံးရှုံးနိုင်ခြေ နည်းပါးရ

သဘာဝဘေးနှင့် ပတ်သက်လာပါက ကြိုတင်သတိပေးစနစ်အားကောင်းရန် အရေးကြီးပါသည်။ မုန်တိုင်းများ၊ မီးတောင်ပေါက်ကွဲမှု၊ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်မှုကို ကြိုတင်ခန့်မှန်းတွက်ချက်၍ သတိပေးချက် ထုတ်ပြန်နိုင်သဖြင့် အသက်ဆုံးရှုံးမှု၊ ပစ္စည်းဥစ္စာနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို လျှော့ချနိုင်ပါသည်။ အလားတူ မိုးခေါင်ရေရှားဘေးနှင့် ကပ်ရောဂါ ဖြစ်ပွားမှုများတွင်လည်း လက်ဦးမှုရယူကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ကြိုတင်သတိပေးစနစ်ဟူသည် ဘေးဖြစ်ပွားလာနိုင်သည့်အခြေအနေကို ကြိုတင်သတိပြုနိုင်အောင် ရှေ့ပြေးအသိပေးချက်ဖြစ်ပါသည်။ ကြိုတင်သတိပေးစနစ်ကို ဘေးအန္တရာယ်များမှ ထိခိုက်ဆုံးရှုံးနိုင်ခြေနည်းပါးရေး ကြိုတင်ပြင်ဆင်နိုင်အောင်၊ တုံ့ပြန်မှုဆောင်ရွက်ရာတွင် အကျိုးရှိသည့် စနစ်တစ်ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါသည်။ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုတင်သတိပေးစနစ်သည် များစွာအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များ (UN Resolutions)တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါစနစ်ကို လက်ခံအသုံးပြုမည့်သူများထံ အချိန်မီရောက်ရှိရေး ဖြစ်နိုင်သမျှသောနည်းလမ်းများ အသုံးပြုရန် အရေးတကြီး လိုအပ်မည် ဖြစ်ပါသည်။ ထိရောက်မှုရှိသော ကြိုတင်သတိပေးစနစ်တွင် အဓိက ကဏ္ဍလေးခု ပါဝင်ပါသည်။

ဘေးဖြစ်ပွားနိုင်ခြေ စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်လေ့လာခြင်းနှင့် ကြိုတင်ခန့်မှန်းတွက်ချက်ခြင်းကို နံပါတ်(၁)ကဏ္ဍ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေခွဲခြမ်းစိတ်ဖြာခြင်းကို နံပါတ်(၂)ကဏ္ဍ၊ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းကို နံပါတ်(၃)ကဏ္ဍနှင့်

*စာမျက်နှာ ၇ သို့*

## မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

# နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရန် မဲပေးရာတွင် ပြည့်စုံရမည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုဇယားပုံစံ (၆၆/၆) များ ရှိကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွပ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ မဲရုံတည်နေရာများအား အတည်ပြု သတ်မှတ်သည့် ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် တောင်ငူခရိုင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးဦး က နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် မဲပေးရာတွင် ပြည့်စုံရမည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုဇယားပုံစံ (၆၆/၆) များရှိကြရမည် ဖြစ်ကြောင်း၊ ပုံစံ (၆၆/၆) ရှိပြီး အသက်(၁၈)နှစ်ပြည့်၍ မှတ်ပုံတင် ရှိသူများသာ မိမိနေထိုင်ရာဒေသ မဲစာရင်းတွင်ပါဝင်မှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ သုံးဌာနတို့မှ ပူးပေါင်းဆောင်ရွက်မှသာ ပြည့်စုံမှန်ကန်သည့် မဲစာရင်းဖြစ်မည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအလိုက်အားနည်းချက်များရှိပါက အရေးယူ အပြစ်ပေးမှုများ ရှိလာနိုင်ကြောင်း၊ လစဉ်စာရင်း အတိုးအလျော့ လုပ်ငန်းများလည်း စနစ်တကျ ပြုစုဆောင်ရွက်နေရန်လိုကြောင်း၊ ယာယီဆောက်လုပ်ရမည့် မဲရုံများအားလည်း နီးစပ်ရာ မဲရုံ/ စာသင်ကျောင်းများသို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဆွေက ယခုလာရောက်ရာ၌ မဲဆန္ဒရှင်စာရင်းနှင့် မဲရုံများစာရင်းအား ပြည့်စုံမှန်ကန်ရေးအတွက် လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပြည့်စုံမှန်ကန်သည့်စာရင်းများဖြစ်မှသာ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ ယခုတက်ရောက်သည့် ဌာနဆိုင်ရာ (၃) ခုမှ ပေါင်းစပ်ညှိနှိုင်းပြီး ညီညွတ်စွာ ဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်း ဖြစ်သည့်အတွက် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဒေါက်တာ ကျော်ကိုလတ်၊ တောင်ငူတပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းလှိုင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒေါ်ခင်သန်းညွန့်၊ ခရိုင်ရွေးကောက်ပွဲအရာရှိ၊ တောင်ငူ၊ ထန်းတပင်၊ ဖြူး၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျောက်ကြီး၊ တောင်ငူ၊ ထန်းတပင်၊ ဖြူး၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်တို့မှ ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးများ၊ တောင်ငူမြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

*စာမျက်နှာ ၆ မှ*

အရေးပေါ်ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းကို နံပါတ်(၄)ကဏ္ဍအဖြစ် အသီးသီးသတ်မှတ်ထားပါသည်။

### ပြည်သူဗဟိုပြု ကြိုတင်သတိပေးစနစ် အားကောင်းစေဖို့ နံပါတ်တစ်

ဆန်ဒိုင်းမူဘောင်တွင် ကြိုတင်သတိပေးစနစ်နှင့် သတင်းအချက်အလက် အားကောင်းစေရေးကို ရေရှည်မြှင့်တင်ရမည့် ရည်မှန်းချက် (၃)အဖြစ် သတ်မှတ်ထားပါသည်။ SFDRR စောင့်ကြပ်လေ့လာသည့်စနစ်အရ ၂၀၂၂ ခုနှစ် ဧပြီလအထိ ကမ္ဘာ့နိုင်ငံ ၉၅ နိုင်ငံတွင် ဘေးမျိုးစုံအတွက် ကြိုတင်သတိပေးချက်စနစ် (Multi–Hazard Early Warning Systems–MHEWS) ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရပါသည်။ ၎င်းတို့အနက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လေးပုံတစ်ပုံနှင့် ကျွန်းငယ်နိုင်ငံများ၏ သုံးပုံတစ်ပုံ၌လည်း ကြိုတင်သတိပေးစနစ်များထားရှိပြီးဖြစ်ကြောင်းသိရပါသည်။ SFDRR ၏ စတုတ္ထကဏ္ဍတွင် သဘာဝဘေး ရင်ဆိုင်တုံ့ပြန်ရေးဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ဟူသည့်အချက်ကို အဓိကသတ်မှတ်ထားပါသည်။ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ဆူနာမီနှင့် တောမီးလောင်ခြင်း စသည့် သဘာဝဘေးများအတွက် ကြိုတင်သတိပေးစနစ်များ အားကောင်းရန် လိုအပ်ပါသည်။ သဘာဝဘေးဖြစ်ပွားသည့်အခါ မြေပြင်တွင်အမှန်တကယ် ရင်ဆိုင်တုံ့ပြန်နေကြရသည့် ပြည်သူလူထုအဆင့်အထိ ရောက်ရှိသည့် ပြည်သူလူထုဗဟိုပြု ကြိုတင်သတိပေးစနစ် (People–Centered Early Warly System) ရှိနေမှသာ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း SFDRR မူဘောင်နှင့်အညီ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction – MAPDRR) ကို ၂၀၁၇ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ ကဏ္ဍများ ခွဲခြားဆောင်ရွက်လျက်ရှိပါသည်။

### သတိပြုဖွယ် ဘေးအန္တရာယ် မျက်ခြည်မပြတ် လေ့လာမယ်

သဘာဝဘေးစီမံခန့်ခွဲဆောင်ရွက်ရာတွင် ဘေးအန္တရာယ်များ၏ ပြောင်းလဲလာသည့် သဘောသဘာဝ၊ ပြင်းထန်အား၊ ဖျက်ဆီးအားကို မျက်ခြည်မပြတ် လေ့လာသိရှိနေပြီး သဘာဝဘေးကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ဦးစားပေး ရှာဖွေအသုံးပြု ဆောင်ရွက်ရပါသည်။ အဆိုပါနည်းလမ်းများတွင် သဘာဝဘေး ကြိုတင်သတိပေးစနစ် အားကောင်းခိုင်မာရေးသည် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း နောင်ငါးနှစ်အတွင်း ကမ္ဘာပေါ်ရှိလူတိုင်း ကြိုတင်သတိပေးစနစ်၏ အကာအကွယ်ကို ရရှိနိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားထားပါသည်။ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့လုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ညီလာခံတွင်လည်း ဘေးမျိုးစုံအတွက် ပြည်သူဗဟိုပြုကြိုတင်သတိပေးစနစ် (PCMHEWS) ခိုင်မာအားကောင်းစေရေး အလေးအနက်ထား ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သဘာဝအရ ဘေးဖြစ်လာမှ ရင်ဆိုင်တုံ့ပြန် ဖြေရှင်းခြင်းထက် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကို မျှော်တွေးကာ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဖြစ်နိုင်သမျှသောနည်းလမ်းများဖြင့် စီမံဆောင်ရွက်ကြရပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်လာပါက အခုထက်ပိုမိုအလေးထားဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာမူဘောင်၊ သဘောတူညီချက်များနှင့်အညီ နည်းပညာများကို မျက်ခြည်မပြတ်လေ့လာအသုံးချကာ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိသည့် မိုးလေဝသနှင့်ဇလဗေဒအခြေအနေ၊ ရာသီဥတုအခြေအနေ၊ မိုးလေဝသထူးခြားဖြစ်စဉ်များ၊ ဆိုးရွားသည့်ရာသီဥတု ဖြစ်ပေါ်နိုင်မှုများ စသည့် သတင်းအချက်အလက်များရယူကာ ဘေးဖြစ်ပွားနိုင်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ အသိပေးထုတ်ပြန်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဘေးစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေး ကျရောက်နိုင်ခြေဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် သဘာဝဘေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုစွမ်းရည် အားကောင်းစေရေး စွမ်းရည်မြှင့်သင်တန်းများ ပို့ချခြင်းတို့အပြင် နည်းပညာဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ကြောင်း တွေ့ရှိရပါသည်။ ထူးခြားမိုးလေဝသအခြေအနေ၊ သဘာဝဘေး ကြိုတင်သတိပေးချက်များကို ဘေးဖြစ်ပွားမည့်ဒေသရှိ ပြည်သူလူထုသိရှိကာ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက်လည်း (Myanmar Disaster Alert–MDA Application) တစ်ခုကို ရေးဆွဲပြီးဖြစ်၍ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများနှင့် အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။ ကြိုတင်သတိပေးစနစ်သည် ဘေးကျရောက်နိုင်ခြေရှိ မတူညီသည့်အုပ်စုများ (အထူးသဖြင့် – သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ ကလေးသူငယ်များ) နှင့် ပြည်သူအားလုံးအတွက် သတင်းအချက်အလက် အလွယ်တကူရရှိနိုင်မည့်နည်းလမ်းများ အသုံးပြုပေးပို့နိုင်ရမည် ဖြစ်ပါသည်။ MDA Application ကို အသုံးပြုခြင်းဖြင့် သဘာဝဘေးကြိုတင်သတိပေးချက်ရရှိနိုင်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် မိုဘိုင်းဖုန်းကိုင်ဆောင်သူတိုင်း မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်ကြပါရန် အသိပေးတင်ပြလိုပါသည်။

### ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှ ဘေးအန္တရာယ်ကင်းမည်

သဘာဝဘေးထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များက သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့ပြင် ဘေးအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်ကြရမည့် ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍပါ မကျန်ရအောင် စနစ်တကျ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုကလည်း ဘေးကင်းလုံခြုံစိတ်ချသော၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်၍ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဧကန်မုချ ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။


**ကိုးကားချက်**

(၁) 2022 IPCC's Sixth Assessment Report

(၂) 2022 IDDRR Concept Note

(၃) SFDRR (2015–2030)

(၄) The World Risk Index 2022

(၅) Global Climate Risk Index 2021

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ ကိစ္စများ အတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများနှင့် လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အသေးစိတ် စိစစ်တင်ပြဆွေးနွေးသည်။



အစည်းအဝေး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက်ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အတွင်းရေးမှူးရုံးက ဆုံးဖြတ်ချက်ရယူရန် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သစ်တောကဏ္ဍဆိုင်ရာအခြေအနေများကို ပိုမိုသိရှိနားလည်စေရေး လေ့လာသင်ယူမှတ်သား၍ ဌာနအကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစား

**နေပြည်တော် အောက်တိုဘာ ၁၂**

သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများ ဖော်ဆောင်ရာတွင် မြို့နယ်အဆင့်သည် အခြေခံအကျဆုံးဖြစ်ပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းကြောင့် ဌာန၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကကျသည့် အဆင့်ဖြစ်ကြောင်း၊ မြို့နယ်အဆင့် ဦးစီးအရာရှိများ အနေဖြင့် ဌာန၏လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်





အညီ အရည်အသွေးပြည့်မီ၍ စွမ်းဆောင်ရည်များ မြင့်မားလာစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို အထိရောက်ဆုံး ဖြည့်ဆည်း စွမ်းဆောင်နိုင်ရေးအတွက် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည့် ဦးစီးအရာရှိ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် အမျိုးသားသစ်တောကဏ္ဍ နှစ် ၃၀ ပင်မစီမံကိန်းနှင့်အညီ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ အောင်မြင်စေရေးနှင့် လုပ်ငန်းခွင့်ပြု ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရေး၊ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု ပြန်လည်တိုးတက်လာစေရေး၊ ရေဝေရေလဲနှင့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး၊ တရားမဝင်သစ်တားဆီးကာကွယ်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် လက်ရှိဖြစ်ပေါ်နေသည့် သစ်တောကဏ္ဍဆိုင်ရာ အခြေအနေများကို ပိုမိုသိရှိနားလည်စေရေး လေ့လာသင်ယူမှတ်သား၍ ဌာနအကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် မြို့နယ်အဆင့် ဦးစီးအရာရှိသင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ အသိပညာမျှဝေမှု အစီအစဉ်အရ ဆေးဝါးဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းစဉ် စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦးက Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားရာတွင် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ မဟာဗျူဟာ လုပ်ငန်းစီမံချက် ( ၂၀၂၂-၂၀၂၅ ) ပါ "အသိပညာမျှဝေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု" ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခု အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့် စံများနှင့်အညီ ဆေးဝါးဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းစဉ် စစ်ဆေးခြင်းမှ ရရှိခဲ့သည့် အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းများကို မျှဝေဆွေးနွေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းအတွက် Case Study ဖြင့် အဖွဲ့လိုက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ်ရုံးတို့မှလည်း ဆေးပစ္စည်းဝယ်ယူထောက်ပံ့မှုနှင့် ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း အတွေ့အကြုံများကို ဆွေးနွေးသွားမည်ဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ဆောင်ရွက်မှု အားကောင်းခြင်း၊ အတွေ့အကြုံ ဗဟုသုတ၊ အတွေးအခေါ်နှင့် သတင်းအချက် အလက်များ ဖလှယ်ခြင်းတို့ဖြင့် အပြန်အလှန် လေ့လာသိရှိမှု အခွင့်အလမ်းကို ရရှိမည်ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲသည် ASEANSAI ၏ မဟာဗျူဟာလုပ်ငန်းစီမံချက်နှင့် ASEANSAI Knowledge Sharing Committee ၏ Work Plan ပါ ရည်မှန်းချက်များ ရရှိနိုင်ရေး အတွက် အကျိုးပြုနိုင်သည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ASEANSAI Knowledge Sharing Commi-ttee ဥက္ကဋ္ဌ မလေးရှားနိုင်ငံ စာရင်းစစ်ချုပ် Datuk Nik Azman Nik Abdul Majid က Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှား နိုင်ငံ စာရင်းစစ်ချုပ်ရုံးက အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးထောက်ပံ့မှု စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးက ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ စီမံခန့်ခွဲမှု စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်ရုံး က စာသင်ကျောင်းအခြေပြု ကာကွယ်ဆေးထိုး လုပ်ငန်းစဉ် စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်က ဆေးဝါးဝယ်ယူဖြန့်ဖြူးမှု လုပ်ငန်းစဉ် စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း အစီအစဉ်အတိုင်း အသီးသီးဆွေးနွေးကြပြီး အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာသူများက အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော် ခေတ်မီစံပြကျေးရွာများ၏ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှေ့ပြေးစီမံကိန်း (Pilot Project) အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ခေတ်မီစံပြကျေးရွာများ၏ စီမံကိန်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကွင်းဆင်းစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် အိမ်ခြေ ၂၉၃ အိမ်၊ အိမ်ထောင်စု ၃၂၈ စု၊ လူဦးရေ ၁၃၂၂ ဦးရှိ တပ်ကုန်းမြို့နယ် ငွေးပင်စံပြကျေးရွာသို့ရောက်ရှိကာ ငွေးပင်စံပြစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ငွေးပင်စံပြကျေးရွာအား စိုက်ပျိုးရေးအခြေခံ စံပြကျေးရွာအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးပါက နွေစပါး(သို့မဟုတ်) ဆောင်းသီးနှံ နေကြာ၊ ပဲတီစိမ်းတွင် မည်သည့်သီးနှံစိုက်ပျိုးလိုသည်ကို သမဝါယမအသင်းသား တောင်သူများက ဦးစွာတိုင်ပင် ဆွေးနွေးကြစေလိုကြောင်း၊ စိုက်ပျိုးရေပေးဝေရေး အဆင်ပြေနိုင်ရန်အတွက် မည်သည့်သီးနှံစိုက်ပျိုးမည်ကို အားလုံးက ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးရမည် ဖြစ်ကြောင်း၊ နွေစပါး (သို့မဟုတ်) ဆောင်းသီးနှံနေကြာ၊ ပဲတီစိမ်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသော ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။ ဆက်လက်၍ ဒေသခံတောင်သူများက စက်မှုလယ်ယာစနစ် ဆက်လက်ဖော်ထုတ်ပေးရန် ကျန်ရှိနေသည့် လယ်မြေ ၇၈ ဧကအား ဖော်ထုတ်ပေးနိုင်ရေး တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုလယ်ယာစနစ်ဖော်ဆောင်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ၊ စံပြငွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ခြောက်ဦး၏ စိုက်ပျိုးမြေ ၇ ဒသမ ၀၅ ဧကတွင် အစေ့ချ(စီဒါ) စိုက်ပျိုးခြင်း၊ ကြဲပက်စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း စသည့်စိုက်နည်းစနစ် သုံးမျိုးဖြင့် စိုက်ပျိုးထားသော GW-11 စပါးမျိုး စမ်းသပ်စိုက်ကွက်များ၏ ၉၈ ရက်သား စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ခြေ ၁၄၀ ၊ အိမ်ထောင်စု ၁၄၀ ၊ လူဦးရေ ၆၃၂ ဦးရှိ လယ်ဝေးမြို့နယ် သော်မှော်ကုန်းစံပြကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ သော်မှော်ကုန်းကျေးရွာ အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ ကိုးဖွဲ့၏ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဖြစ်သည့် CP ဝက်မွေးမြူခြင်း သုံးဖွဲ့၊ ဒေသဝက်မွေးမြူခြင်း တစ်ဖွဲ့၊ CP ကြက်မွေးမြူခြင်း တစ်ဖွဲ့၊ ဒေသနွားမွေးမြူခြင်းအဖွဲ့ လေးဖွဲ့တို့၏ ၂၀၂၂ ခုနှစ် မေလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အစုအဖွဲ့ကိုးဖွဲ့အနက် ပထမအကြိမ် စီမံကိန်းစက်ဝန်း ဆောင်ရွက်ပြီးစီးချိန်တွင် ဦးမြင့်သိန်း CP ဝက်မွေးမြူခြင်းအဖွဲ့အနေဖြင့် အသားတင်အမြတ် ငွေကျပ် ၁၄ သိန်း၊ အောင်မြင်သူ CP ကြက်မွေးမြူခြင်းအဖွဲ့အနေဖြင့် အသားတင်အမြတ် ငွေကျပ် ရှစ်သိန်း၊ ခတ္တာ CP ဝက် မွေးမြူခြင်းအဖွဲ့အနေဖြင့် အသားတင်အမြတ် ငွေကျပ် ၂၅ သိန်းကျော်နှင့် ရွှေပန်းတိုင် CP ဝက် မွေးမြူခြင်းအဖွဲ့အနေဖြင့် အသားတင်အမြတ် ငွေကျပ် ၁၇ သိန်းဖြင့် အစုအဖွဲ့ လေးဖွဲ့တို့သည် အကျိုးအမြတ်များ စတင်ခံစားနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားနိုင်ငံမှ စွမ်းအင်ကဏ္ဍတွင် လုပ်ကိုင်နေသည့်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်မည့်(Russian Energy Week International Forum) ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဖိုရမ်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၏ အတွင်းရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှာတီရော့နှင့် အောက်တိုဘာ ၁၀ ရက် ညနေပိုင်းတွင် မော်စကိုမြို့ရှိ Crowne Plaza Hotel တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးသည်။



ထိုသို့ ဆွေးနွေးရာတွင် အတွင်းရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှာတီရော့က ယခင်ကျင်းပခဲ့သော ဖိုရမ်များတွင် နိုင်ငံအကြီးအကဲများ၏ ဆွေးနွေးမှု နောက်ဆက်တွဲအဖြစ် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် စွမ်းအင်နှင့်ပတ်သက်သော ထွက်ကုန်များ ထုတ်လုပ်သော နိုင်ငံဖြစ်ပါကြောင်း၊ ယခု ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာ ဖိုရမ်သို့ လာရောက်တက်ရောက်သည့်အတွက် ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ ဖိုရမ်ကျင်းပရေးကော်မတီဥက္ကဋ္ဌသည်လည်း မကြာမီမြန်မာနိုင်ငံသို့ သွားရောက်မည် ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သော ဖိုရမ်တွင် နိုင်ငံတော် အကြီးအကဲများ ဆွေးနွေးခဲ့သောကိစ္စများအတွက် **ရုရှား - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတထံသို့ အပတ်စဉ်အစီရင်ခံ တင်ပြဆောင်ရွက်နေမှုကို** ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြန်လည်ဆွေးနွေးရာ၌ နိုင်ငံတော်အကြီးအကဲမှ တာဝန်ပေးစေလွှတ်ခဲ့၍ ဤဖိုရမ်သို့ တက်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ဖိုရမ်တွင် ရုရှားနိုင်ငံမှ အဖွဲ့အစည်းများနှင့် စွမ်းအင်ကဏ္ဍ ကိစ္စများသာမက လျှပ်စစ်စွမ်းအားကဏ္ဍ ကိစ္စများကိုပါ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြီး ရုရှားနိုင်ငံ ဖိုရမ်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးကလည်း ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရေး ကိစ္စများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးရေးကိစ္စများကို ဖြည့်စွက်ဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီး ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အနီး၊ ကာလုဂါပြည်နယ်ရှိ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်တွင် တည်ထားကိုးကွယ်သည့် ရွှေစည်းခုံပုံတူစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် ဆရာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီမှ ဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီကော့ဗ်နှင့်အဖွဲ့က တည်ခင်းဧည့်ခံသည့် အလွတ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံတွင် ရုရှား-မြန်မာ ချစ်ကြည်ရေးပြယုဂ်အနေဖြင့် ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အရေးပေါ်တုံ့ပြန်ရေးစင်တာ (Emergency Response Center) တည်ထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် လာရောက်မည့် ခရီးစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးလိုသည့်ကိစ္စ၊ ရန်ကုန်နယ်နိမိတ်ဧရိယာအတွင်း ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် စက်မှုဇုန်တည်ထောင်၍ စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် စက်ကိရိယာများ ထုတ်လုပ်သွားနိုင်ရေးကိစ္စများ၊ ရုရှားနိုင်ငံမှ စွမ်းအင်ကဏ္ဍတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရေနံရှာဖွေတူးဖော်ခြင်း၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံများနှင့် ရေနံလုပ်ငန်းသုံးပစ္စည်းများ တင်ပို့ရောင်းချရေးကိစ္စများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စတို့ ကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

---

*ရှေ့ဖုံးမှ*

သွင်းကုန်တင်သွင်းမှုပမာဏထက် နှစ်စဉ်မြင့်မားလျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်မှတစ်ဆင့် လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းများ အဓိကအားဖြင့် တင်ပို့လျက်ရှိရာ ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၂ စက်တင်ဘာလအထိ တစ်နှစ်တာ (၂၀၂၁-၂၀၂၂ Mini Budget + ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လ)ကာလအတွင်း ရေထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ငါးမြစ်ချင်းတင်ပို့မှုသည် တန်ချိန် ၆၄၈၈ တန်အထိ ရောက်ရှိခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တင်ပို့နိုင်ခဲ့သည့် စံချိန်တင်တင်ပို့မှုပမာဏဖြစ်သည့် တန်ချိန် ၆၃၇၀ ဒသမ ၆၈ တန်ထက် ကျော်လွန်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**

## PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်စွာဘုရား၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူ သုံးဦး သေဆုံးကာ ၁၉ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ရရှိဒဏ်ရာများကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဘုရားဖူးပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားများ ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) သတင်းစဉ်

## ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်ဂိတ်အနီး ပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ၏ ပြောကြားချက်

**မေး ။ ။** ဒီနေ့နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားကို လာရောက်ဖူးမြော်တဲ့ ဘုရားဖူးပြည်သူများကို ပစ်ခတ်ခံခဲ့ရတယ်လို့ ကြားသိရပါတယ်။ ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိမှုများရှိတယ်လို့ သိရပါတယ်။ ဒီဖြစ်စဉ်နှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ သတင်းထုတ်ပြန်ဖြေကြားပေးစေလိုပါတယ်။




**ဖြေ ။ ။** ဒီနေ့မနက် ၁၀ နာရီ ၂၅ မိနစ်အချိန်ခန့်မှာ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးတောင်တက်တဲ့ မော်တော်ယာဉ်ဂိတ်အနီးမှာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီဒေသမှာရှိတဲ့ ဒေသခံတွေ၊ မျက်မြင်တွေ ပြောပြချက်အရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ စုံစမ်းချက်အရ အဲဒီဘက်မှာရှိနေတဲ့ PDF အကြမ်းဖက်အဖွဲ့ ၁၂ ဦးခန့်က ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီး ကျေးရွာဘက်ကနေ ကားတစ်စီးနဲ့ ရောက်လာတယ်။ ရောက်လာပြီး ကျိုက်ထီးရိုးတောင်တက် တောင်ဘက်ကားဂိတ်ရဲ့ အရှေ့ဘက် ကိုက် ၅၀ ခန့်အကွာ တောင်တက်ကားလမ်းပေါ်ကနေ ကားဂိတ်ဘက်ကို ၄၀ မမ လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့ပါတယ်။ ကျိုက်ထီးရိုးဘုရားကို ဘုရားဖူးလာတဲ့ ပြည်သူတွေထဲက အမျိုးသမီး သုံးဦး သေဆုံးခဲ့ပါတယ်။ ဘုရားဖူးလာတဲ့ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိခဲ့တယ်။ လုံခြုံရေးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရပါတယ်။ ဒဏ်ရာရရှိတဲ့သူတွေကို ကျိုက်ထိုပြည်သူ့ဆေးရုံကို ပို့ဆောင်ပေးထားပါတယ်။ ၁၁ နာရီ မိနစ် ၄၀ လောက်မှာ ကျိုက်ထိုပြည်သူ့ဆေးရုံကြီးကို ရောက်ရှိခဲ့တယ်လို့ သိရပါတယ်။ လိုအပ်လာရင် တပ်မတော်ဆေးရုံတွေမှာ ပို့ဆောင်ကုသပေးဖို့ စီစဉ်လျက်ရှိပါတယ်။

ကျွန်တော် ပထမဦးဆုံးပြောလိုတာက သေဆုံးဒဏ်ရာရသူများနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ အထူးဝမ်းနည်းကြောင်း ပြောလိုပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ အခုဆိုရင် ဘုရားဖူးပြည်သူတွေကိုပါ လိုက်လံပစ်ခတ်တဲ့ အကြမ်းဖက်မှုမျိုးတွေ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။ ဒါတွေက ဘာတွေနဲ့ ဆက်စပ်နေသလဲဆိုတော့ မနေ့တစ်နေ့ကပဲ အကြမ်းဖက် NUG အဖွဲ့ရဲ့ သမ္မတလို့ အမည်ခံထားတဲ့သူကိုယ်တိုင်က တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်ပြီး ဆက်လုပ်သွားမယ်ဆိုတဲ့နောက်မှာ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NUG / CRPH /PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေကို ဆက်လက်ပြီးတော့ ပြတ်ပြတ်သားသား ချေမှုန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကင်မွန်းချောင်းကျေးရွာမှာရှိတဲ့ ဘုရားဖူးဂိတ်ကို ပစ်ခတ်ခဲ့တဲ့ အကြမ်းဖက် PDF သောင်းကျန်းသူတွေရဲ့ နောက်ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေက လိုက်လံချေမှုန်းလျက် ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ သီတင်းကျွတ်အခါသမယမှာ မြန်မာရိုးရာယဉ်ကျေးမှုအရ ဒီနှစ်မှာ ပိုမိုစည်ကားလာတာကို တွေ့ရတယ်။ တန်ခိုးကြီးဘုရားတွေမှာဆိုလည်း သွားရောက်ဖူးမြော်နေတာရှိတယ်။ ဒါဟာ ရိုးရာအစဉ်အလာပဲ ဖြစ်ပါတယ်။ ဒါတွေကို ဆန့်ကျင်ပြီးလုပ်နေတဲ့ အမျိုးဘာသာ သာသနာကိုပါ တိုက်ရိုက်ထိပါးစော်ကားလာတဲ့၊ အကြမ်းဖက်လာတဲ့ လုပ်ရပ်တွေဖြစ်ပါတယ်။ ဒါတွေကိုလည်း ပြည်သူလူထုအနေနဲ့ အကြမ်းဖက် NUG / CRPH /PDF အဖွဲ့တွေကို ဝိုင်းဝန်းဆန့်ကျင်ကြဖို့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာရေးကို ဆက်လက်ဆောင်ရွက်သွားကြဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်ဆောင်စရာရှိတဲ့ လုံခြုံရေးအရ လုပ်ဆောင်မှုတွေကို ပြတ်ပြတ်သားသား လုပ်ဆောင်သွားမယ်လို့ ပြောလိုပါတယ်။

**CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမရှိစေရေး စသည့် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး**



၁၃၂ ကေဗွီ ဘီလူးချောင်း (၂) – တီကျစ် ဓာတ်အားလိုင်းအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



ဖျက်ဆီးခဲ့သော ၁၃၂ ကေဗွီ ဘီလူးချောင်း (၂) – တီကျစ် ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



၆၆ကေဗွီ ကျွန်းချောင်း – မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ်(၄၂၇) Sus; တိုင် အား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၆၆ကေဗွီ ကျွန်းချောင်း – မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ် (၄၂၇) Sus; တိုင်အား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) သဘောထားထုတ်ပြန်ချက်

### ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ဘုရားဖူးပြည်သူ အများအပြားရှိနေစဉ် ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းအား KNLA တပ်မဟာ (၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူနှင့် ကလေးငယ်များအပါ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီး ၃ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ကြေညာချက် (၆ / ၂၀၂၂)

### ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

၁။ ယနေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ဝါကျွတ်ကာလတွင် အများပြည်သူများက ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ပြီး ကုသိုလ်ကောင်းမှုများပြုလုပ်နေချိန်ကို အခွင့်ကောင်းယူကာ နိုင်ငံတော်နှင့် ပြည်သူများပျက်စီးရေးကို ရှေးရှုလျက် လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုများသည် စက်ဆုပ်ရွံရှာဖွယ်အတိ ဖြစ်ပါသည်။

၃။ နိုင်ငံနှင့်အဝန်း ဘုရားဖူးခြင်း၊အပန်းဖြေအနားယူခြင်းများဖြင့် စည်ကားအေးချမ်းစွာ အများပြည်သူတို့ လှုပ်ရှားနေထိုင်ခြင်းများကို မနာလို မရှုဆိတ်သောသဘောဖြင့် အကြမ်းဖက်မှုများ ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လက်မခံနိုင်ပါကြောင်းနှင့် အကြမ်းဖက်မှုပြုလုပ်ခြင်းများအားလုံးကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

### ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်

၁။ ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်း၌ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရားအား ဖူးမြော်ကုသိုလ်ယူရန် ဘုရားဖူးခရီးသွားပြည်သူများ စည်ကားလျက်ရှိစဉ် KNLA တပ်မဟာ (၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဘုရားဖူးပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၃ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုလို ဝါကျွတ်ကာလတွင် အေးချမ်းစွာ ဘုရားဖူးကုသိုလ်ယူနေသည့် အပြစ်မဲ့ဘုရားဖူး ပြည်သူများအား ပစ်မှတ်ထား၍ ပစ်ခတ်တိုက်ခိုက်သည့် လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

### ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ဘုရားဖူးပြည်သူအများအပြားရှိနေသည့် ယနေ့ နံနက်ပိုင်း ၁၀ နာရီခွဲခန့်တွင် ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းအား KNLA တပ်မဟာ (၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု သိရပြီး အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ ၁၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ၃ ဦး သေဆုံးခဲ့ကြောင်း သိရှိရသဖြင့် များစွာစိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ ဖြစ်ရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူအေးချမ်းစွာဖြင့် ဘုရားဖူး ကုသိုလ်ယူလျက်ရှိသော သာသနာ့နယ်မြေအတွင်း စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သော အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်မှုမျိုးကို မိမိတို့ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

### ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

၁။ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် တောင်ခြေရှိ ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းသို့ ၆၀ မမ၊ ၄၀ မမ တို့ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ ဘုရားဖူး ခရီးသွား ၁၉ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း သိရှိရသည့်ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် လွန်စွာပင်စိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

၂။ အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများ၊ ယခုကဲ့သို့ ဗုဒ္ဓဘာသာ ဘုရားစေတီများနှင့် အပြစ်မဲ့ဘုရားဖူးများအား လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ကြသည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

### ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းအား အောက်တိုဘာလ ၁၂ ရက် ယနေ့နံနက်ပိုင်း၌ အကြမ်းဖက်သမားများက လက်နက်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးကာ ၁၉ ဦး ဒဏ်ရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကုသိုလ်ကောင်းမှုပြုလုပ်ကြသော အပြစ်မဲ့ပြည်သူများကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

### (၁၂.၁၀.၂၀၂၂)

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင် ကင်မွန်းချောင်း တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း ၊ ရှင် ၊ လူ ၊ အမျိုးသမီးနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

# KNLA တပ်မဟာ(၁) နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်းတောင်တက် ကားဂိတ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်၊ ဘုရားဖူးပြည်သူသုံးဦးသေဆုံး၊ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၁၂

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရား၊ ကင်မွန်းချောင်း တောင်တက် ကားဂိတ်အား ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ ဝါကျွတ်ကာလ အများပြည်သူများ အေးချမ်းစွာ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရားအား ဖူးမြော်ကုသိုလ်ယူ၍ စည်ကားလျက်ရှိစဉ် KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် ဆောင်နိုင်ကြီး ရွာဘက်မှ မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ ပစ်ခတ်ကာ ဆောင်နိုင်ကြီး ရွာဘက်သို့ ပြန်လည်ထွက်ပြေးသွားခဲ့သည်။ ထိုသို့ ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီးသုံးဦး သေဆုံးခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိကြောင်း သိရှိရသည်။

NUG ၊ CRPH အနေဖြင့် ဝါကျွတ်ကာလအတွင်း နိုင်ငံအနှံ့အပြားရှိ ဘုရားကျောင်းကန်များ၊ အပန်းဖြေစခန်းများတွင် အများပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ ဘုရားဖူးခြင်း၊ အပန်းဖြေအနားယူနေခြင်းတို့အပေါ် မရှုဆိတ်သော အောက်တန်းကျသည့် စိတ်ဓာတ်ဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ယခုဖြစ်စဉ်သည်လည်း ၎င်းတို့၏ ခိုင်းစေချက်အရ KNLA တပ်မဟာ (၁) နှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူအေးချမ်းစွာဖြင့် ဘုရားဖူးကုသိုလ်ယူလျက်ရှိသော သာသနာ့နယ်မြေအတွင်း ရက်စက်မိုက်မဲစွာ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action ) ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လုပ်ရှားမှုသတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**





KNLA တပ်မဟာ(၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ရက်စက်မိုက်မဲစွာ ပစ်ခတ်မှုကြောင့် သေဆုံးသူ ဘုရားဖူးပြည်သူများ။

KNLA တပ်မဟာ(၁) နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်းတောင်တက် ကားဂိတ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်သည့် နေရာပြပုံ




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၂

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - က နှင့် ပုဒ်မ ၅၀၅-က ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်နေ ဌေးသွင်သည် ၎င်းအသုံးပြုသည့် “Htay Thwin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျို့ကုန်းကျေးရွာနေ သူရစိုး(ခ)ဖိုးချက်သည် ၎င်းအသုံးပြုသည့် “Thura Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

# တတိယမြောက်ချားလ်ဘုရင်၏ နန်းတက်ပွဲကို မေလအတွင်းကျင်းပသွားမည်




**လန်ဒန် အောက်တိုဘာ ၁၂**

ဗြိတိန်ဘုရင် တတိယမြောက် ချားလ်ဘုရင်၏ နန်းတက်ပွဲကို လာမည့်နှစ်မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ချားလ်ဘုရင်သည် မယ်တော် အဲလိဇဘတ် ၂ ဘုရင်မကြီး ကွယ်လွန်ပြီးနောက် စက်တင်ဘာ ၈ ရက်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။

နန်းတက်ပွဲ အခမ်းအနားကို မေ ၆ ရက်တွင် လန်ဒန်မြို့ ဝက်မင်စတာ အက်ဗေး၌ ကျင်းပသွားမည်ဟု ဘာကင်ဟမ်နန်းတော်က အောက်တိုဘာ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ကမ္ဘာအနှံ့အပြားမှ ဂုဏ်သရေရှိလူကြီးမင်းများသည် အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် မျှော်မှန်းထားသည်။ ချားလ်ဘုရင်သည် ကြင်ရာတော် မိဖုရား ကင်မီလာနှင့်အတူ သရဖူဆောင်း အခမ်းအနား ပြုလုပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အိုပက် ပလတ်စ် (OPEC+) အစည်းအဝေး ဆုံးဖြတ်ချက်ပြီးနောက် ဆော်ဒီနှင့် ဆက်ဆံရေးကို အမေရိကန် သုံးသပ်သွားဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဆော်ဒီအာရေဗျနှင့် အမေရိကန်တို့၏ ဆက်ဆံရေးကို ပြန်လည်သုံးသပ်သွားရန် ရည်ရွယ်လျက်ရှိသည်ဟု အိမ်ဖြူတော်မှ အဆင့်မြင့်အရာရှိကြီး တစ်ဦးက ပြောသည်။




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

မကြာသေးမီအတွင်း ကမ္ဘာ့အဓိက ရေနံထုတ်လုပ်သည့်နိုင်ငံမှ ရေနံထုတ်လုပ်မှုကို လျှော့ချရန်အတွက် ဆုံးဖြတ်ခဲ့ပြီးနောက် ဆော်ဒီနှင့် ဆက်ဆံရေးကို ပြန်လည် သုံးသပ်သွားဖွယ်ရှိသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ရန်အတွက် အမေရိကန်သည် ဆော်ဒီအာရေဗျနှင့် ဆက်ဆံရေးကို သုံးသပ်သွားသင့်သည်ဟု ဂျိုးဘိုင်ဒင်က ယူဆကြောင်း မဟာဗျူဟာမြောက် ဆက်သွယ်ရေးဆိုင်ရာ အမျိုးသား လုံခြုံရေးကောင်စီ ညှိနှိုင်းရေးမှူးဖြစ်သူ ဂျွန်ကာဘီက အောက်တိုဘာ ၁၁ ရက်တွင် ပြောသည်။

အိုပက်စ်ပလတ်စ် ဟုခေါ်သည့် ရေနံတင်ပို့ရောင်းချသူများအသင်းနှင့် မိတ်ဖက်နိုင်ငံများသည် နိုဝင်ဘာလမှ စတင်ကာ တစ်နေ့လျှင် ရေနံစည်ပေါင်း နှစ်သန်း ထုတ်လုပ်မှုလျှော့ချရန် ယခုလအစောပိုင်းက သဘောတူခဲ့ကြသည်။ ဆော်ဒီအာရေဗျသည်လည်း အဆိုပါအဖွဲ့အစည်းတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်သည်။ ရေနံထုတ်လုပ်မှု လျှော့ချခြင်းကြောင့် ဈေးနှုန်းမြင့်တက်စေမည်ဖြစ်သည်။

ဇူလိုင်လအတွင်း ဂျိုးဘိုင်ဒင်သည် ဆော်ဒီအာရေဗျသို့ သွားရောက်ခဲ့ပြီး အာရပ်နိုင်ငံများအနေဖြင့် ရေနံထုတ်လုပ်မှု တိုးမြှင့်ရန် တောင်းဆိုခဲ့သည်။ အိုပက်ပလတ်စ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြန်လည် တုံ့ပြန်သည့်အနေဖြင့် အမေရိကန်မှ ဆော်ဒီသို့လက်နက်ရောင်းချမှုကို ပြန်လည်သုံးသပ်ရန် ဒီမိုကရက်တစ် ပါတီဝင်များက တောင်းဆိုလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကမ္ဘာ့ပထမဆုံး ရုပ်ရှင်ရုံပန်းခြံကို ထိုင်းနိုင်ငံ၌ ဖွင့်လှစ်

**ဗန်ကောက် အောက်တိုဘာ ၁၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ကြာနှောင့်နှေးကြန့်ကြာခဲ့ပြီးနောက် ကိုလံဘီယာရုပ်ရှင်ထုတ်လုပ်ရေးက ဖန်တီးပြုလုပ်ထားသည့် ရုပ်ရှင်များကို အခြေခံထားသော ကမ္ဘာ့ပထမဆုံး ရုပ်ရှင်ရုံပန်းခြံ (theme park) ကို ထိုင်းနိုင်ငံ၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပန်းခြံသို့ ပထမဆုံး လာရောက်လည်ပတ်သူများသည် “Columbia Pictures Aquaverse” ကို ဝင်ရောက်ကြည့်ရှုခဲ့သည်။

အသစ်ဖွင့်လိုက်သော ပန်းခြံသည် ထိုင်းနိုင်ငံအရှေ့တောင်ပိုင်းရှိ လူသိများကျော်ကြားသော ပတ္တယားကမ်းခြေ အပန်းဖြေစခန်းအနီး၌ တည်ရှိသည်။

ခရီးသွားကဏ္ဍရှိ ကျွမ်းကျင်သူများက Aquaverse သည် ခရီးသွားကဏ္ဍကို ပြန်လည်ဆန်းသစ်အောင် ကူညီပေးလိမ့်မည်ဟု မျှော်လင့်ထားသည်။

**ဆင်ဟွာ**




# တရုတ်နိုင်ငံ၌ လျှပ်စစ်ကား ဝယ်လိုအားမြင့်မားမှုကြောင့် ကားသစ်ရောင်းချရမှု များပြားလာ

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ၌ ကားဝယ်လိုသူများမှာ လျှပ်စစ်ကားများတွင် စိတ်ဝင်စားမှု မြင့်မားလာသည့်အတွက် စက်တင်ဘာလ တစ်လျှောက်လုံးတွင် ကားသစ်ရောင်းအား မြင့်မားလျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့်လအတွင်း တရုတ်နိုင်ငံတွင် မော်တော်ကားသစ် ၂ ဒသမ ၆ သန်း ရောင်းချခဲ့ရသည်ဟု တရုတ်မော်တော်ကားရောင်းချမှုအသင်းမှ ပြောသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၅ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ လျှပ်စစ်ကား ရောင်းချရမှုမှာ အစီးရေ ၇၀၀၀၀၀ ကျော်ရှိပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆနီးပါး တိုးလာခြင်းဖြစ်သည်။

ရှန်ဟိုင်းမြို့၌ ကိုဗစ် -၁၉ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကြောင့် ရောင်းအားကျဆင်းခဲ့ရပြီးနောက် ကြီးမားသည့် အလှည့်အပြောင်း ဖြစ်လာခြင်းဖြစ်သည်။ တချို့သော ကားမော်ဒယ်များကို အခွန်ကောက်ခံမှု ထက်ဝက်လျှော့ချခြင်းအစရှိသည့် မူဝါဒများကြောင့် ဇွန်လမှစတင်ကာ ရောင်းအားများ တိုးတက်လာခဲ့သည်။



တရုတ်နိုင်ငံတွင် လျှပ်စစ်ကားများထုတ်လုပ်နေမှုကို တွေ့ရစဉ်။

ယင်းသို့လုပ်ဆောင်မှုကြောင့် နှေးကွေးနေသည့် စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် စွမ်းဆောင်နိုင်ခဲ့သည်။ သို့သော်လည်း ရောင်းအားကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း ရှိမရှိကိုမူ ကားလုပ်ငန်း စောင့်ကြည့်သူများက မေးခွန်းထုတ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၉၁ ဦးရှိပြီး သုံးဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ အောက်တိုဘာ ၁၂**

မလေးရှားနိုင်ငံ၌ အောက်တိုဘာ ၁၁ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူသစ် ၁၂၉၁ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၈၅၇၅၀၈ ဦးအထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြည်ပပြန်ကူးစက်ဖြစ်ပွားသူသစ် နှစ်ဦးရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၂၈၉ ဦးရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော အချက်အလက်များ၌ ဖော်ပြထားသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် သုံးဦးထပ်မံသေဆုံးခဲ့ခြင်းနှင့်အတူ စုစုပေါင်းသေဆုံးသူ ၃၆၄၀၆ ဦးရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၁၅၉၂ ဦးအပါအဝင် ကိုဗစ်-၁၉ ကင်းစင်သွားပြီး ဆေးရုံမှဆင်းလာသူပေါင်း ၄၇၉၉၂၃၉ ဦး ရှိလာပြီဖြစ်သည်။

ထို့အတူ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၈၆၃ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေရသူ ၄၆ ဦးရှိသည်။ အဆိုပါပမာဏအနက် ၂၂ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။ နိုင်ငံအတွင်းလူဦးရေ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပျက်ပြားစေရန်ရည်ရွယ်၍ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၂

CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား မတရားစွပ်စွဲ ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံပိုင်အဆောက်အဦ၊ ရုံးဌာနများ၊ အများပြည်သူနှင့် သက်ဆိုင်သော



၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်းကားလမ်း မိုင်တိုင် (၁၄၂/၁၄၃) ကြား ကားလမ်းအား မိုင်းထောင်ဖောက်ခွဲထားစဉ်။

အဆောက်အဦများအား နှောင့်ယှက်ဖျက်ဆီးမှုများကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်လွယ်ကူချောမွေ့စေရေးတို့အတွက် အစိုးရအဆက်ဆက် နိုင်ငံတော်ဘဏ္ဍာငွေများ အမြောက်အမြားအသုံးပြုပြီး အချိန်ကာလကြာရှည်စွာ တည်ဆောက်ထားသည့် လမ်း၊ တံတားများကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ ယနေ့အထိ ၇၃၂ ကြိမ် လုပ်ဆောင်ခဲ့မှုကို ဖော်ပြပါဇယားအတိုင်း တွေ့ရှိရသည်-

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံအကြမ်းဖက်သမားများက ယခုကဲ့သို့ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပူးပေါင်း ကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့ကာ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

တိုင်းဒေသကြီး/ပြည်နယ်များအတွင်း
၁-၂-၂၀၂၁ ရက်မှ ၃၀-၉-၂၀၂၂ ရက်ထိ လမ်းတံတားများ ဖျက်ဆီးခံရမှု

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လမ်းတံတားဖျက်ဆီးခံရမှုအကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | နေပြည်တော် | ၁၃ | |
| ၂ | ကချင် | ၃၇ | |
| ၃ | ကယား | ၉ | |
| ၄ | ကရင် | ၁၆ | |
| ၅ | ချင်း | ၅ | |
| ၆ | စစ်ကိုင်း | ၁၈၆ | |
| ၇ | တနင်္သာရီ | ၁၁ | |
| ၈ | ပဲခူး | ၄၃ | |
| ၉ | မကွေး | ၄၇ | |
| ၁၀ | မန္တလေး | ၁၀၁ | |
| ၁၁ | မွန် | ၅၃ | |
| ၁၂ | ရခိုင် | ၁ | |
| ၁၃ | ရန်ကုန် | ၁၈၃ | |
| ၁၄ | ရှမ်း | ၁၇ | |
| ၁၅ | ဧရာဝတီ | ၁၀ | |
| | ပေါင်း | ၇၃၂ | |




၂၀၂၂ ခုနှစ် ဇူလိုင်လ ၉ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေး-မုံရွာ ကားလမ်းမပေါ်ရှိ မြင်းမူမြို့ဝင် တိုးဂိတ်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲထားစဉ်။

၂၀၂၂ ခုနှစ် မတ်လ ၃ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ဝင်းကံတံတားအား မိုင်းခွဲဖျက်ဆီးထားစဉ်။



၂၀၂၂ ခုနှစ် မတ်လ ၁၃ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးရှိ တံတားအမှတ်(၅/၉၁) အား မိုင်းခွဲဖျက်ဆီးထားစဉ်။





၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ် ကျောက်ပြာကျေးရွာရှိ ကျောက်ကြီး-မုန်း ကားလမ်း မိုင်တိုင် (၄၆/၂) တံတားအမှတ်(၁/၄၇) အား မိုင်းခွဲဖျက်ဆီးထားစဉ်။



၂၀၂၂ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် NUG ၊ CRPH ၊ PDF အမည်ခံ အကြမ်းဖက်သမားများက ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာ သဲဖြူချောင်းတံတားအနီး ရန်ကုန်-မော်လမြိုင်သွား မီးရထားလမ်း မိုင်တိုင်အမှတ် ၁၁၀/၃ နှင့်၄ အကြား လက်လုပ်မိုင်းထောင်ထားစဉ်။

# ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံ အမျိုးသမီးခေါင်းဆောင်များညီလာခံ (2nd ASEAN Women Leaders' Summit) ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအမျိုးသမီးအခွင့်အရေးများဆိုင်ရာ ကိုယ်စားလှယ် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာဆီယံအမျိုးသမီးရေးရာ ကော်မတီ Focal Person နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen နှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ဒုတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး ခေါင်းဆောင်များ ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော **" Building A More Sustainable, Inclusive and Resilient Future: Unlocking Women's Entrepreneurship in ASEAN"** နှင့် စပ်လျဉ်း၍ Plenary Session တွင် အာဆီယံနိုင်ငံများ၏ အမျိုးသမီးရေးရာ ခေါင်းဆောင်များက Panelist များအဖြစ် ပါဝင်ဆောင်ရွက်၍ အတွေ့အကြုံနှင့်အမြင်များကို ဆွေးနွေးဖလှယ်ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မြန်မာနိုင်ငံအနေဖြင့် ကျား/မ တန်းတူညီမျှမှုရရှိရန်၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးရန်အတွက် Sustainable Development Goal (SDG Goals) နံပါတ်(၅) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနှင့်တန်းတူ ကဏ္ဍစုံလုပ်ငန်း နယ်ပယ်အသီးသီးတွင် တန်းတူညီမျှပါဝင်နိုင်စေရန်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မတန်းတူ ညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု နိုင်ငံအဆင့် ဦးစီးဦးဆောင်လှုပ်ရှားဖော်ဆောင်နိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ပါ ကတိကဝတ်များနှင့် အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်ပါ ဦးစားပေးနယ်ပယ် (၁၂) ရပ်နှင့်အညီ ရေးဆွဲထားသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၁၃-၂၀၂၂) တို့ကို အကောင်အထည်ဖော်လျက်ရှိပြီး NSPAW Phase II ၂၀၂၃-၂၀၃၂ ကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကျား/ မအခြေပြု အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးအတွက် ၂၄ နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ် ကတည်းကစတင်ခဲ့ပြီး သတင်းပေးပို့ တိုင်ကြားလာသူများအား လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးများ၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်ရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများသည် အရေးပါသည့်အတွက် အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း ၁၁ ကျောင်းကို တည်ထောင်ဖွင့်လှစ်ပြီး အမျိုးသမီးများ၏ စွမ်းရည်နှင့် အိမ်တွင်းမှုသက်မွေးပညာများ တတ်မြောက်စေရန် သင်ကြားပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် ထိခိုက်နိုင်ခြေများကို လျှော့ချနိုင်ရန်အတွက် ကျေးလက်နေ အမျိုးသမီးများ၏ ဝင်ငွေရတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ အရှိန်မပျက် ပုံမှန်ရရှိစေရေးအတွက် ရှေ့ပြေးလုပ်ငန်းစီမံချက်အဖြစ် "ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်" ကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များသည် ရေရှည်တည်တံ့၍ အားလုံးအကျုံးဝင်ပြီး ကြံ့ကြံ့ခံနိုင်သော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

အစီအစဉ်အရ Declaration on Building A More Sustainable, Inclusive and Resilient Future: Unlocking Women's Entrepreneurship in ASEAN နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများက မှတ်ချက်ပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကာ ညီလာခံအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၆ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၁၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့်အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၃၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၀၈,၄၂၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၇,၃၂၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၁,၂၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၃၂,၁၇၁) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၅၇,၉၉၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၁-၁၀-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၃၂,၁၇၁ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၅၇,၉၉၆ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေ အနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏**
**ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက် ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ






ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ရုပ်စုံသဘင် (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယခုနှစ်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မြန်မာတို့၏ ကိုယ်ပိုင် အဖိုးတန်ယဉ်ကျေးမှုရတနာများဖြစ်သည့် သီချင်းကြီး၊ သီချင်းခံ၊ အဆို၊ အတီးပြိုင်ပွဲများ၊ ကိုယ်ပိုင်အနုပညာစစ်စစ်ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီး အပါအဝင် မြန်မာ့တူရိယာပစ္စည်း တီးခတ်မှုပြိုင်ပွဲများ၊ ကမ္ဘာသုံးတူရိယာများဖြစ်သည့် စန္ဒရား၊ ဒုံမင်း၊ မယ်ဒလင်၊ တယော၊ ဂီတာ အစရှိသည့် တူရိယာများကို မြန်မာသံ မြန်မာဟန်ဖြင့် ယှဉ်ပြိုင်တီးခတ်မည့် ပြိုင်ပွဲများ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်များနှင့် ငြိမ့်ညောင်းစွာ ကပြကြမည့် အကပြိုင်ပွဲများ၊ မြန်မာအကအခြေခံဖြစ်သည့် ကဗျာလွတ်အကပြိုင်ပွဲများ၊ နှုတ်မှုစွမ်းရည်ပြ ကွက်စိပ်ပြိုင်ပွဲများ၊ ကမ္ဘာက အလေးအနက်ထားရသည့် မြန်မာ့ရုပ်သေး ကြိုးဆွဲပညာပြိုင်ပွဲများအပြင် အာရှတိုက်၏ ဒေသတွင်းနိုင်ငံများက အမြတ်တနိုး တန်ဖိုးထားကြသည့် ရာမာယဏပြိုင်ပွဲကြီးကိုလည်း မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက် အကအလှများအပြင် မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ ထူးကဲစွာ ယှဉ်ပြိုင်လျက်ရှိပြီး ခေတ်အလျောက် ပေါ်ထွန်းလာခဲ့သည့် ရသမြောက် ခေတ်ဟောင်းတေး/ကာလပေါ်တေးများအပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းများကိုလည်း ခေတ်နားနှင့် ယဉ်ပါးသည့် ခေတ်လူငယ်များ သီဆိုယှဉ်ပြိုင်နိုင်ကြရန် ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မင်းခမ်းတော်စုံ"(သီချင်းခံ) ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းမှုံကြွယ်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီတင်းကျွတ်လဘွဲ့" (ပဒေသာ)ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "သေနင်္ဂမည်" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဖန်ထွေလာ" (မွန်)ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွန်းလင်းလျှံလက်" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း" (ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "အောင်မြေမြမန်း" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းဟေဝန်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ)ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြိုင်ခြေတစ်ခွင်" (ပတ်ပျိုး)ဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။



မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

**"ကာလပေါ်တေးသီချင်း"အဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေ့အချစ်မြား" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "သူကလေး" သီချင်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "စိမ့်ကြီးမြိုင်ကြီး" သီချင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆိပ်ကမ်းသာ"သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုံဓမ္မတာ" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိမ်းစိုမြမှိုင်း" သီချင်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးရေစက်ကလေး ဥပမာတင်" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတပရိယာယ်" သီချင်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သီချင်းဖြင့် လည်းကောင်း ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) Plenary Hall တို့၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင်အဖွဲ့က "ငါးပါဒအကၡရာ" ဇာတ်တော်ကြီးဖြင့် လည်းကောင်း၊ "ရာမာယဏ"ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သီရိရာမ ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညီလေ့ကျင့်ခြင်းကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပညာပြည့်ဝနလုံးလှ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မွေခံထိုက်စေ"ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း ဖော်ကျူးယှဉ်ပြိုင်ကြသည်။

**စောင်းအတီးပြိုင်ပွဲကို** အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တေဇဂုဏ်" (ဘွဲ့) ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က "တောမြိုင်ခြေလှမ်း" (ယိုးဒယား)ဖြင့် လည်းကောင်း၊ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "တေဇဂုဏ်"(ဘွဲ့) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဲဇာတောင်ခြေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ရွှေဘုန်းရွှေဘုန်းတော်" (ကြိုး)ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ယသော်ဓရာ" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှုတိုင်းသာစွ" (ကြိုး)ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်များက "နန်းဘုံသီဟာဇွေ"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ" (ဘွဲ့) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ရှုတိုင်းသာစွ"(ကြိုး) ဖြင့်လည်းကောင်း၊ စစ်ကိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မင်္ဂလာသီရိ"(ဘွဲ့) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နန်းဘုံသီဟာဇွေ" (ယိုးဒယား) ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းအဖွဲ့အလိုက် အတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ဆိုင်းတစ်ဦးချင်း** အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ) ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ" (ကြိုး)ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကုဏ္ဍလာအိုင်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မိုးလုံးပတ်လည်" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အမင်းမင်းခရ" (သီချင်းခံ)ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး)ဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

### စန္ဒရားအတီးပြိုင်ပွဲ

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စာဆိုခံလလုံး" သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းရွှေလယ်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မဲဇာရွှေလီ" သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့)ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကန္တာလေတောခြေ" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးလုံးပတ်လည်"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တမာလမ်း" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တမာလမ်း"သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကန္တာလေ တောခြေ" (ယိုးဒယား)ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

### ရုပ်စုံသဘင်(အဖွဲ့လိုက်)ယှဉ်ပြိုင်

ညပိုင်းတွင် ရုပ်စုံသဘင် (အဖွဲ့လိုက် ) ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံ အမြင့်သဘင်အဖွဲ့ စတင်ယှဉ်ပြိုင်သည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများနှင့် လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘာသာရပ်များအနေဖြင့် အဆိုဘာသာရပ်တွင် အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မဟာဂီတ အဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေး/ကာလပေါ်ပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့်တို့ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲများ ပါဝင်သည်။

အကပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပါဝင်ယှဉ်ပြိုင်နိုင်သည့် မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) အမျိုးသမီး ၁၆ ဦး ယိမ်းပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတို့ ပါဝင်ကြောင်းနှင့် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အနေဖြင့် "ရာမာယဏ" ဇာတ်တော်ကြီးကို ယှဉ်ပြိုင်ကပြကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၂၀ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၂၉၀ | ၂၆၈၅ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၃၆၀ |
| HSD (50 ppm) | ၂၇၄၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၇၈၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၈၅ | ၂၈၈၀ | ၂၇၈၀ | ၂၇၉၀ | ၂၈၂၀ | ၂၈၂၀ | ၂၈၂၅ | ၃၀၄၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၇၄၀ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၀ | ၂၇၈၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၈၅ | ၂၈၈၀ | ၂၇၈၀ | ၂၇၉၀ | ၂၈၂၀ | ၂၈၂၀ | ၂၈၂၅ | ၃၀၄၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၆၁ |
| 95 Ron | ၁၉၅၆ | ၂၀၂၉ |
| HSD (500 ppm) | ၂၅၄၉ | ၂၆၂၉ |
| HSD (50 ppm) | ၂၆၂၀ | ၂၇၀၂ |
| HSD (10 ppm) | ၂၆၂၀ | ၂၇၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ့ကြက်သွန်နီ ၇၂ တန် ထိုင်းသို့တင်ပို့

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၁ ရက်အထိ မြိတ်ကုန်သွယ်ရေးစခန်းမှ ပရာကျွတ်ကရီခမ်မြို့သို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (From D) ဖြင့် ကြက်သွန်နီ ၇၂ တန် (တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၀၅၆ သန်း)၊ ငါးအသားလွှာ ၂၁ ဒသမ ၆ တန် (တန်ဖိုးကန် ဒေါ်လာ ၀ ဒသမ ၀၄၁ သန်း) နှင့် မုတ်ခွံ ၂၅တန် (တန်ဖိုးကန် ဒေါ်လာ ၀ ဒသမ ၀၄၃ သန်း) တင်ပို့နိုင်ခဲ့ပြီး ရနောင်းမြို့မှ စက်သုံးဆီ (ဒီဇယ်၊ ဓာတ်ဆီ) နှင့် ရေလုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၁၃၁ သန်း တင်သွင်းမှုပြုနိုင်ခဲ့သည်။

ထိုင်းနိုင်ငံသို့ မြန်မာ့ကြက်သွန်နီများ တင်သွင်းသကဲ့သို့ အိန္ဒိယနိုင်ငံမှလည်း တင်သွင်းမှု ရှိလာသည့်အတွက် ကြက်သွန်နီ ဈေးကျဆင်းပြီး တစ်ကီလို ၃၅ ဘတ်မှ ၃၀ ဘတ်အထိ ကျဆင်းလာကြောင်း သိရသည်။

တနင်္သာရီ တိုင်းဒေသကြီး မြိတ်ကုန်သွယ်ရေး စခန်းအနေဖြင့် အောက်တိုဘာလ ၁၀၊ ၁၁ ရက်နေ့များတွင် သီတင်းကျွတ်ကာလဖြစ်သောကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ယာယီရပ်နားခဲ့သည်။ မြိတ်မြို့၏ ယခုအပတ်ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၇၂ ဒသမ ၅၀ ကျပ် အရောင်းအဝယ်ရှိကြောင်း၊ စက်သုံးဆီဈေးကွက်တွင် ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၆၁၀ နှင့် ဓာတ်ဆီတစ်လီတာ ကျပ် ၁၉၇၀ ရှိကြောင်း သတင်းရရှိသည်။ **DOCA(စစ်ကိုင်း)**




# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီ အမျိုးအစားများအလိုက် ပုံမှန်စိစစ်တင်သွင်း ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Aulac Vision သင်္ဘောမှ ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၈၈ ဂါလန်သန်း၊ MT Yu Yi သင်္ဘောမှ ရိုးရိုးဒီဇယ်ဆီ ၂ ဒသမ ၁၈ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၈၆ ဂါလန်သန်းအား ဆီချလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၆၀ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၄ ဒသမ ၅၃ ဂါလန် သန်းတင်ဆောင်လာသည့် MT Harmony One သင်္ဘောသည်လည်း ထပ်မံဆိုက်ကပ်လာပြီး ဆီချလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်သုံးဆီလက်ကျန် အခြေအနေအရ စက်သုံးဆီ ဖူလုံမှုရှိကြောင်း တွေ့ရှိရသည်။

ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့စက်သုံးဆီဈေးနှုန်းအနည်းငယ် ကျဆင်းလာသောကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ကျဆင်းလာကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်ထွက်ပြောင်း တရုတ်နှင့် ထိုင်းသို့တင်ပို့

ရှမ်းပြည်နယ်၌ ပြောင်းကို မိုးရာသီတွင် မိုးပြောင်း၊ ဆောင်းရာသီတွင် ဆောင်းပြောင်းအနေဖြင့်စိုက်ပျိုးကြ၍ တစ်နှစ်ပတ်လုံးပြောင်း အရောင်းအဝယ်ရှိသော ဒေသတစ်ခုဖြစ်သည်။ စိုက်ပျိုးသည့်ပြောင်းမျိုးမှာ ICP (888)၊ ဇေကရီ၊ ၉၉၉၊ ၊ ရေဆင်း (၃) မျိုးများကို အများဆုံး အသုံးပြုစိုက်ပျိုးကြကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နှစ်စဉ် ပြောင်းစိုက်ပျိုးမှုမှာ ဧက ရှစ်သိန်းမှ ကိုးသိန်းအထိ စိုက်ပျိုးနိုင်ပြီး ပြောင်းတန်ချိန် ၁၂ သိန်းမှ ၁၃ သိန်းနီးပါးအထိ စိုက်ပျိုးထွက်ရှိသည်။ ရှမ်းပြည်နယ်အတွင်း အသုံးပြုပြီး ပိုလျှံပြောင်းများကို မြဝတီနယ်စပ်နှင့် မူဆယ် (၁၀၅) မိုင်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ နယ်စပ်ပေါက်ဈေးမှာ တစ်ပိဿာကျပ်၉၄၀ အထိ ပေါက်ဈေးရှိကြောင်း နယ်စပ်ဒေသပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်မှ သိရသည်။

**DOCA (ရှမ်း)**

# တမူးကုန်သွယ်ရေးစခန်းမှ ဓာတ်မြေသြဇာအဓိက တင်သွင်းလျက်ရှိ

တမူးကုန်သွယ်ရေးစခန်းမှ အများဆုံး တင်ပို့နေသော ကုန်ပစ္စည်းများမှာ နန့်ဖာလုံကုန်စုံ၊ သွင်းကုန်ပိုင်းတွင် အများဆုံးတင်သွင်းသော ကုန်ပစ္စည်းများမှာ ဓာတ်မြေသြဇာဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပို့ကုန်မှာ နန့်ဖာလုံကုန်စုံ တန်ဖိုးအမေရိကန် ဒေါ်လာ ၀ ဒသမ ၀၄၄ သန်း၊ သွင်းကုန်ပိုင်းတွင် ဓာတ်မြေသြဇာတန်ချိန် ၂၂ ဒသမ ၅၀၀ တန် (တန်ဖိုးအမေရိကန် ဒေါ်လာ ၀ ဒသမ ၀၁၁ သန်း) ရှိကြောင်းသိရသည်။ ပြင်ပငွေလဲနှုန်းမှာ ၁ ဒေါ်လာလျှင် ၂၅၂၇ ကျပ်၊ ၁ ဒေါ်လာ ၈၁ ဒသမ ၅၂ ရူပီး၊ ၁ ရူပီး ၃၁ ကျပ်၊ ၁၀၀ ကျပ် ၃ ဒသမ ၂၃ ရူပီး ဖြစ်ပေါ်လျက်ရှိသည်။ တမူးမြို့၏ အခြေခံစားသောက်ကုန်ဈေးနှုန်းမှာ ဧည့်မထဆန်တစ်အိတ် ကျပ် ၄၂၅၀၀၊ ပေါ်ဆန်းမွှေး တစ်အိတ် ကျပ် ၉၁၅၀၀၊ မြေပဲဆီတစ်ပိဿာ ကျပ် ၁၄၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၉၅၀၀၊ ကြက်ဥလေးလုံး ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၅၅၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၄၅၀၀၊ ငရုတ်သီး တစ်ပိဿာ ကျပ် ၂၀၀၀၀ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ၁၂.၁၀.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ သားငါး၊ ရွှေဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ(တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၅၅၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၃၀၀၀ | ၄၅၀၀ | ၃၈၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၈၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၂၀၀ | | ၁၃၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၀၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၄၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၅၉၀၀၀၀ |
| ၅ | လှိုင်ကော် | ၂၆၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | | ၄၃၀၀ | ၂၀၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၆၂၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၅၀၀၀ | ၇၂၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၅၉၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၅၇၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၅၃၀၀ | ၄၅၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၅၈၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၂၁၀၀၀ | ၃၆၀၀ | ၄၄၀၀ | ၅၃၀၀ | ၄၈၀၀ | ၂၄၀၀ | ၈၀၀ | ၆၉၀၀ | ၄၇၀၀ | ၄၅၀၀ | ၃၄၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၅၈၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၁၉၅၈၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၂၉၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၅၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၉၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၅၅၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၆၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၁၀၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၃၅၀၀ | ၅၈၀၀ | ၅၂၀၀ | ၁၅၀၀ | ၈၀၀ | ၅၃၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၃၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၇၀၀၀ | ၂၅၅၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၄၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၀၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၅၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၅၀၀၀ | ၃၃၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၅၉၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၃၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၀၀ | | ၁၃၀၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၅၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၀၀ | | ၁၃၂၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၂၅၅၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | | ၄၅၀၀ | ၃၈၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |

မှတ်ချက်။ (၁) ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၃၀၀ ဈေးတက်ခဲ့ပါသည်။
(၂) ဧည့်မထဆန် တစ်ပြည်လျှင် စစ်တွေတွင် ကျပ် ၁၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ကျပ် ၅၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်၊ မန္တလေးနှင့် ပဲခူးတွင် ကျပ် ၂၀၀၊ ပြည်တွင် ကျပ် ၃၀၀၊ ချင်း တစ်ပိဿာလျှင် ဟားခါးတွင် ကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အရည်အသွေးနိမ့်လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် အခွန်ပေးဆောင်ထားခြင်း မရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဝင်ရောက်မှုအား ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် တရားမဝင် ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုသာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ တရားမဝင် တင်သွင်း/တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းအား ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများအားလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိပါသည်။

၄။ တရားမဝင် တင်သွင်း/တင်ပို့မှုများ တွေ့ရှိပါက တင်သွင်း/တင်ပို့ပစ္စည်းများနှင့်ပတ်သက်၍ တားဆီး/ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက်တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း/တင်ပို့ခြင်းအား ဖမ်းဆီးနိုင်ရေးလျှို့ဝှက်လုံခြုံစွာ သတင်းပေး၊ တိုင်ကြားနိုင်ပါသည်။

၅။ သတင်းပေးပို့သူနှင့် ပတ်သက်သော အချက်အလက်များကိုလျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည် ဖြစ်ပါသည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့်ဆုငွေများအား လျှို့ဝှက်စွာ ဆက်သွယ် အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဆက်သွယ်ထုတ်ပေးသွားမည့်အပြင် သတင်းပေးသူအား လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိပါသည်။

၆။ သတင်းပေးဆက်သွယ် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဗန်းမော်မြို့ | ၀၉-၄၂၈၂၂၄၇၀၁<br>၀၉-၅၀၈၇၀၈၄ | |
| | | မြစ်ကြီးနားမြို့ | ၀၇၄-၂၅၂၉၅၁၂<br>၀၇၄-၂၅၂၃၇၆၃ | |
| ၂ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ၀၉-၂၀၃၀၃၃၀<br>၀၉-၇၉၆၂၈၇၇၉၅<br>၀၉-၇၅၇၈၂၇၄၅၄ | |
| ၃ | ကရင်ပြည်နယ် | ဘားအံမြို့ | ၀၉-၂၆၁၁၇၉၀၆၂<br>၀၉-၅၀၆၆၅၆၉ | |
| | | ကော့ကရိတ်မြို့ | ၀၉-၄၄၂၇၇၅၆၈<br>၀၉-၇၈၇၆၀၅၉၉၆ | |
| | | မြဝတီမြို့ | ၀၉-၂၅၀၀၆၃၂၂၀<br>၀၉-၅၀၆၃၇၂၀ | |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့ | ၀၅-၇၂၀၂၇၁၆၁<br>၀၅-၇၂၀၂၁၀၆၉ | |
| | | မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း | ၀၅-၇၂၀၂၄၄၈၆<br>၀၅-၇၂၀၂၁၀၆၉<br>၀၅-၇၂၀၂၇၁၆၁ | |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၀၉-၇၉၆၀၉၁၅၉၁<br>၀၄၃-၂၁၀၁၉<br>၀၉-၅၀၂၇၉၀၂ | |
| | | ကျောက်ဖြူမြို့ | ၀၉-၄၂၈၇၅၀၁၉၂ | |
| | | မောင်တောမြို့ | ၀၉-၂၅၄၄၄၇၁၄၃ | |
| ၆ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၀၉-၄၂၉၀၃၅၀၉၁<br>၀၉-၄၁၀၀၆၇၉၂ | |
| | | ကျိုင်းတုံမြို့ | ၀၉-၂၅၀၀၆၃၁၆၆<br>၀၉-၅၀၈၅၄၁၅ | |
| | | တာချီလိတ်မြို့ | ၀၉-၅၁၄၉၁၀၀<br>၀၉-၂၅၇၅၅၁၅၀ | |
| | | မိုင်းဆတ်မြို့ | ၀၉-၄၂၀၄၂၀၉၄၃<br>၀၉-၉၆၆၂၂၄၀၇၀ | |
| | | လားရှိုးမြို့ | ၀၉-၄၀၈၈၇၆၆၇၇<br>၀၉-၄၀၈၈၇၆၆၉၉ | |
| | | ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း | ၀၉-၂၁၅၀၂၂၈<br>၀၉-၅၄၀၈၉၅၇ | |
| | | မူဆယ်မြို့ | ၀၉-၂၅၅၇၇၂၃၂၂<br>၀၉-၆၈၆၃၉၀၃၀၆ | |
| | | မူဆယ်(OSS) | ၀၉-၅၁၉၃၅၆၄<br>၀၉-၇၈၅၄၁၄၄၃၃ | |
| ၇ | ချင်းပြည်နယ် | ဟားခါးမြို့ | ၀၇၀-၂၁၈၀၉<br>၀၇၀-၂၀၂၁၄၅၂ | |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာမြို့ | ၀၇၁-၂၁၁၆၁<br>၀၇၁-၂၀၂၁၁၆၁ | |
| | | တမူးမြို့ | ၀၉-၇၇၉၁၇၂၁၂၁<br>၀၉-၉၅၄၇၀၆၂၄၉<br>၀၉-၄၄၂၀၇၅၉၆၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့ | ၀၉-၅၀၀၁၉၅၂<br>၀၉-၂၀၀၀၂၂၇<br>၀၂-၄၀၇၀၃၂၈ | |
| | | ၁၆မိုင်ကျောက်ချောစစ်ဆေးရေးစခန်း | ၀၉-၅၃၂၂၉၈၅ | |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၀၉-၄၂၂၅၃၂၃၁<br>၀၉-၇၇၇၄၄၄၁၂၅ | |
| ၁၁ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၀၆၃-၂၀၂၈၇၁၆ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၀၉-၈၉၅၅၁၂၆၂၂<br>၀၉-၅၀၄၈၈၆၃<br>၀၉-၅၆၈၀၅၁၇ | |
| | | သီလဝါ(SEZ) | ၀၉-၄၃၁၆၁၃၉၅<br>၀၉-၇၆၉၉၃၄၃၁၇ | |
| | | ရန်ကုန်လေဆိပ် | ၀၉-၂၅၃၉၈၉၈၉၀<br>၀၁-၆၆၂၆၆၄ | |
| ၁၃ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့ | ၀၅၁-၂၂၀၁၈၇၅ | |
| ၁၄ | နေပြည်တော် | နေပြည်တော် | ၀၉-၇၈၅၀၄၂၃၇၄<br>၀၉-၅၁၈၄၁၄၂<br>၀၉-၇၅၅၈၅၅၈၃၉ | |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၀၉-၂၀၂၁၂၃၆<br>၀၉- ၅၀၇၆၃၄၆ | |
| | | ကော့သောင်းမြို့ | ၀၅၉-၂၀၅၁၀၀၅<br>၀၉-၂၆၀၉၇၈၃၇၇ | |
| | | မြိတ်မြို့ | ၀၉-၅၁၆၅၂၄၁<br>၀၉-၅၀၉၀၆၂၀<br>၀၉-၅၀၈၆၈၅၁ | |

# တရားမဝင် ရေနံစိမ်း၊ အလှကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ပုသိမ်-ချောင်းသာကားလမ်း အမှတ်(၁)ကြိုးတံတား စစ်ဆေးရေးဂိတ်၌ Toyota Crown အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၁ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၆၃၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘို-မြစ်ကြီးနားကားလမ်း၌ တရားမဝင်ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Shacman အမျိုးအစား မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀၀) နှင့် Toyota Crown အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၃၀၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် မင်းဘူး-မင်းလှသွားကားလမ်းအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ရေနံစိမ်းဂါလန် ၂၁၀ (ခန့်မှန်း တန်ဖိုး ငွေကျပ် ၆၃၀၀၀၀) နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခရီးဆောင်အိတ် အလုံး ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၉ ရက်နှင့် ၁၁ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၃၆၅၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

MOALI FAO FIAT PANIS MONREC World Food Day

ကမ္ဘာ့စားနပ်ရိက္ခာနေ့

၂၀၂၂ အောက်တိုဘာ ၁၆ ရက်

ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင်
ကောင်းမွန်ပြည့်ဝ အာဟာရ ၊ ဝန်းကျင်လှပ တို့ဘဝ
လူတိုင်းစေ့င ရရှိကြ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၆၃/မမ/CE | ရွှေညောင်-တောင်ကြီးရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း၊ ထီသိမ်နှင့် ရေထွက်ဦးဘူတာကြား CH:(25 + 454)kmတွင် (135'-0")Span Steel Arch Girder (One – Set) ထုတ်လုပ်ခြင်း Detailed Design (Including the erection Procedure) (Manufacturing, fabrication, supply of materials and erection equipment and supervision of erection) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၇ . ၁၀ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၃ . ၁၀ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

**သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မြေကွက်အမှတ် - L-404 (အလျား ၄၀ ပေ × အနံ ၆၀ ပေ) ကျယ်ဝန်းသည့် ဦးချောမောင် (၁၂/သလန (နိုင်) ၀၁၃၁၅၂) အမည်ဖြင့် ချထားပေးသော မြေကွက်နှင့်ပတ်သက်၍ ကျူးကျော်သူများနှင့် အများသိစေရန်**

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ချိုချိုဝင်း (၁၂/သကတ (နိုင်) ၀၉၄၃၉၂) နှင့် ၎င်း၏ မိတ်ဆွေ ဦးသီဟအောင် (၁၂/စခန (နိုင်) ၀၆၄၆၃၉) တို့သည် (၅-၁၀-၂၀၁၂) ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်" နှင့် (၁၂-၁၀-၂၀၁၂) ရက်စွဲပါ "ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" များ ချုပ်ဆို၍ ပိုင်ရှင် ဦးချောမောင် ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခုအခါ အဆိုပါ မြေကွက်အတွင်းသို့ ကျွန်ုပ်မိတ်ဆွေများ၏ သိရှိသဘောမတူဘဲ (၁၀ ပေ × ၆ ပေ) အကျယ်ရှိ သွပ်မိုးထရံကာ နေအိမ်အဆောက်အအုံတစ်ခုကို အခြားသူများက ကျူးကျော်ဆောက်လုပ်၍ ဝင်ရောက်နေထိုင်ကြကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ဤကြေညာသည့်နေ့ရက်မှ (၇) ရက်အတွင်း (၂၄-၁၀-၂၀၂၂) ရက်နေ့ကို နောက်ဆုံးထား၍ အဆိုပါ နေအိမ်အဆောက်အအုံအား ဖျက်သိမ်းဖယ်ရှားရှင်းလင်း၍ အချင်းဖြစ်မြေကွက်အတွင်းမှ အေးချမ်းစွာပြောင်းရွှေ့ထွက်ခွာပေးပါရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာဆောင်ရွက်မှုမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျူးကျော်သူများနှင့်အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးမျိုးမြင့် (ဘဏ်) | ဒေါ်နိုင်ဝေမွန် | ဒေါ်အိအိအေး | ဒေါ်ပြည့်ပြည့်အောင် |
|---|---|---|---|
| ၆၀၆၅/၁၉၉၄ | ၁၇၉၇၇/၂၀၂၂ | ၄၇၆၈၆/၂၀၁၆ | ၄၉၂၂၁/၂၀၁၇ |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**

**အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉ ၅၁၆၇၂၃၇၊ ၀၉ ၇၈၅၁၆၇၂၃၇၊ ၀၉ ၇၅၃၃၁၂၅၀၅၊ ၀၉ ၄၂၃၇၄၄၄၁၄**

## ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ဥပဒေစာအုပ်စာတမ်းများ ပြုစုထုတ်ဝေဖြန့်ဖြူးခြင်း၊ သုတေသနစာတမ်းများပြုစုခြင်း၊ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System Website) တွင် ဥပဒေများ လွှင့်တင်ပေးခြင်း၊ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်




ခြင်းစသည့် ဥပဒေအသိပညာဖြန့်ဖြူးရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချခဲ့သော ဥပဒေမူကြမ်းရေးဆွဲရေးသင်တန်းမှာ အောင်မြင်သောသင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေသည့် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို လက်ကိုင်စာအုပ်အဖြစ် အသုံးပြုပို့ချပေးခဲ့သည်။

အဆိုပါ ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာ သင်ယူနေသည့် ကျောင်းသား/ ကျောင်းသူများနှင့် ဥပဒေရေးဆွဲရေးပညာကို စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက် နေ့မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **သမဏာနဉ္စဒဿနံ (မြတ်သောရဟန်းတို့ကို ဖူးမြင်ရခြင်း)နှင့် ကာလေန ဓမ္မသာကစ္ဆာ (သင့်လျော်သောအခါ တရားသဘောဆွေးနွေးခြင်း)** အစီအစဉ်ကို **အောက်တိုဘာ ၁၅** ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စုဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်) ဦးဆောင်ပြီး ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ခေးကို၊ ဓာတ်လင်း၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ဖွေးဖွေး၊ သီဂီဝင့်ထက်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ နှင့် အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီ ခွဲခြား၍ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် အောက်တိုဘာ ၁၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ်(၈၇)ကို အောက်တိုဘာ ၁၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရ နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ ၁၄၊ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ (၆)လမ်း၊ မြေကွက်အမှတ် (၂၁၅) (အလျား ၄၀/၄၁ပေxအနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၅၆ဧကအကျယ်အဝန်း (၂၄၄၅)စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေ (အရပ်ခေါ်– အမှတ် ၁၀၀)၊ (၆)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အကျိုးခံ စားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမင်းဆွေ ၁၂/ဗတထ (နိုင်)၀၃၁၅၇၂နှင့် ဒေါ်အေးအေးသန်း ၁၂/ဗတထ(နိုင်)၀၂၁၄၆၇တို့မှ အမည်ပေါက်ပြီး ၎င်းတို့၏ထံမှ ဆက်စပ်စာချုပ်၊ ကိုယ်စားလှယ် လွှဲစာတို့ဖြင့် ဝယ်ယူထားသော ဦးအောင်စိုး ၁၂/ရပသ(နိုင်)၀၃၈၂၈၉ ကိုင်ဆောင်သူမှ မိမိအမှန်တကယ်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချလိုကြောင်း၊ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေကြီးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူများ စာရွက်စာတမ်းအထောက်အထား အခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဇင်ဦး (LL.B, (Q), PGDL, C.B.L)**
**အထက်တန်းရှေ့နေ စဉ်–၅၂၂၈၈**
**အမှတ် (၃၀)၊ ပထမထပ်(၆)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၇၅၇၀၁၇၂၈၉**

○ *ကျောဖုံးမှ*

ဒုတိယနေရာအတွက် အရေးပါသည့် ပွဲဖြစ်သည့် အပြင် ထိပ်ဆုံးနေရာမှ ရှမ်းယူနိုက်တက်ကို ဖိအားပေးနိုင်ရန်အတွက် နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြဝတီအသင်းက အဝေးကန်ချက်ဖြင့်သာ ဂိုးရရန် ကြိုးပမ်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းအစတွင် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ဝင်းနိုင်ထွန်းကြောင့်ရရှိသည့် ပယ်နယ်တီကို ဘရာဇီးတိုက်စစ်မှူး ဂျူနီယာက သွင်းယူ ခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရန်ကုန်အသင်း ခံစစ်အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့ပြီး ရန်ကုန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၃ ပွဲကစား ရမှတ် ၂၉ မှတ်၊ မြဝတီအသင်းက ၁၃ ပွဲကစား ရမှတ် ၂၄ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၅) နောက်ဆုံး နေ့ကို အောက်တိုဘာ ၁၃ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ **ရဲရင့်လွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
## (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၁၇)နေရာတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသည့် **အမျိုးသားများ** လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ရုံးအမှတ်(၄၈)၊ ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)တွင်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သူ အိမ်ထောင်မရှိသူ လူပျိုဖြစ်ရမည်။
- (ဃ) (၁၉-၁၀-၂၀၂၂) ရက်နေ့တွင် အသက် (၃၀)နှစ်ထက် မကျော်စေရ၊ အရပ် ၅ပေ ၃ လက်မနှင့်အထက်ရှိရမည်။ ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက် မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။
- (င) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- (စ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ရမည်။
- (ဆ) အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်ခြင်းမရှိသူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)တွင် လူကိုယ်တိုင်လာရောက်ရယူ၍လည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင်လည်းကောင်း download ရယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲ၍ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့ (၃၀-၁၀-၂၀၂၂) ရက်နေ့ နောက်ဆုံးထား လျှောက်ထားရမည်-

- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ ပူးတွဲတင်ပြရမည်။
- (ဆ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်
- (ဇ) စာပိုဒ် (၃)၊ (က) မှ (ဆ) ပါ အထောက်အထားများအပြည့်အစုံ မိတ္တူ (၁) စုံ

၄။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့် မပြုပါ။

၅။ လျှောက်ထားသူများသည် အင်္ဂလိပ်စာရေးဖြေ၊ ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေတို့ကို နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။ ဖြေဆိုမည့်နေ့ရက်အား ရုံးအမှတ်(၄၈) နှင့် ပြည်သူ့အင်အားဦးစီးဌာန၏ www.dop.gov.mm Website တွင် ကြိုတင်ကြေညာပေးပါမည်။

၆။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၇။ အသေးစိတ်သိလိုပါက ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈) နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၃၅၇၊ ၀၆၇-၄၃၁၀၆၅ များသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
### မိတ္ထီလာခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၃

**ဒေါ်စန်းစန်းညွန့်** — **လျှောက်ထားသူ**

ကွယ်လွန်သူ ဦးဘိုချို၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်စန်းစန်းညွန့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးဘိုချို၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) နံနက်၁၀:၀၀နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်စန်းစန်းညွန့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဇေယျာသီရိမြို့နယ်၊ ခေတ်အေးအုပ်စု၊ ခေတ်အေးကျေးရွာနေ ဦးစိန်အေး-ဒေါ်အုံးတင်တို့၏သား မောင်အောင်ရဲထွေး ၉/ဇယသ(နိုင်)၀၀၅၂၉၂ သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်အေး-ဒေါ်အုံးတင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၇/ရွှေဘို၊ ဦးပိုင်အမှတ် (၂၆င)၊ ဧရိယာ ၀ဒသမ ၁၀ဧကရှိ ဒေါ်မြသန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၀၈၂/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဇော်ဝေ၉/ပမန(နိုင်)၀၀၈၅၅၁ မှ ဘိုးဘပိုင် မြေအမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၁၀/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၀၀၅/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဧရိယာ ၀ ဒသမ ၁၀ ဧက အနက်မှ ဧရိယာ ၀ဒသမ ၀၄၇ ဧကအား ဦးဇေယျာ ၉/ပမန (နိုင်)၁၇၃၅၁၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/အလောင်းဘုရား ၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအား ဦးရဲကျော်နိုင် (ဘ)ဦးစိန်မြိုင် ၉/တကန(နိုင်)၀၀၈၅၄၅ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၀၉/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်သျှင်နောင်၊ ဦးပိုင်အမှတ်(၁၆၃)၊ ဧရိယာ ၀ ဒသမ ၁၃၉ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၀၈၄ ဧကအား ဦးအောင်ကိုခိုင်-ဒေါ်ထက်ထက်လွင် (ဘ)ဦးခင်မောင်လွင်၊ ဦးခင်မောင်လွင်၊ ၉/ပဘန(နိုင်)၂၁၅၃၀၄၊ ၉/တကန(နိုင်)၁၆၈၁၁၆ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၄၀၅၇/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၆)ရပ်ကွက်၊ အောင်မြေသာရပ်ရှိ ကွင်း/ အကွက်အမှတ်နှင့်အမည်- ၆ အောင်မြေသာ၊ ဦးပိုင်အမှတ် ဂ/၅၈၊ဦးတိုးလှအမည်ပေါက်ဧရိယာ ၀ဒသမ ၁၄၇ဧက၊မြို့မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ညောင်ဦးမြို့နေ ဦးတိုးလှ ၉/ညဥန(နိုင်)၀၀၆၆၃၄ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ညောင်ဦးမြို့နေ ဒေါ်မို့မို့လွင် ၉/ညဥန(နိုင်) ၁၇၇၄၈၇ က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၄၃/၂၀၁၈)**
**ဆုံကုန်းရပ်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့**
**ဖုန်း-၀၉-၄၀၂၅၄၂၉၄၅၊ ၀၉-၄၃၀၀၈၄၁၇**

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ ရှင်စောပုရပ်ကွက်-၂၊ အထက(ခွဲ)ကျိုက်မရော၊ GRADE-7 မှ မအေးရတနာ၏ မိခင်အမည်မှန်မှာ မတူ ၁၀/ကမရ(နိုင်)၁၀၃၅၆၈ ဖြစ်ပါကြောင်း။

**မတူ**

## ဖခင်အမည်မှန်

ချောက်မြို့နယ်၊ အထက(၁) ကျောင်း၊ GRADE-7 မှ မောင်လင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျ ၈/ခမန(နိုင်)၀၉၈၆၁၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျ**

## ဘိုးဘပိုင်မြေအမည်ပြောင်း
## လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ နန်းခဲရပ်ကွက်၊ အကွက်အမှတ် (၃၉)၊ ရှမ်းစုအကွက်၊ ဦးပိုင် အမှတ် (၁ဈ)၊မြေဧရိယာ ၀ဒသမ ၀၇၇ ဧကရှိမြေကွက်အား အရှေ့ဘက် - အလယ်တန်းလမ်း၊ အနောက်ဘက်- ဦးပိုင် အမှတ်(၁ဍ)၊တောင်ဘက် - ဦးပိုင်အမှတ်(၁ဋ)၊မြောက်ဘက်- မြကျွန်းသာပန်းခြံလမ်း၊ ရှိမြေကို (ဘိုးဘပိုင် မြေအမည်ပြောင်း) ပေးရန် ဦးကျော်သိန်းမှ လျှောက်ထားလာသည့်အတွက် ဦးကျော်သိန်း အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်66W/69480 LUOJIA 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင်ဦး ၉/ပမန(နိုင်)၁၈၃၉၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3669 Asia Maung L/T Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် AKB 192553 က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်
## အမိန့်ချမှတ်ပေးရန်
## လျှောက်လွှာကို လျှောက်ထားခံရသူသို့ပေးရန် အကြောင်းကြားစာ
## ကျောက်ဆည်ခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇

| | | |
|---|---|---|
